မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၂ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၃၀ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲမည့် ဖိုင်ဘာငါးဖမ်းလှေများ တီထွင်ထုတ်လုပ်ထားမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲရန်အတွက် တီထွင်ထုတ်လုပ်ထားသော ဖိုင်ဘာငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြသ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သန်လျက်စွန်းရှိ ရေတပ်ပင်မစက်မှုလက်မှုတပ်သို့ ရောက်ရှိရာ

စာမျက်နှာ ၈ ကော်လံ ၅ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲရန်အတွက် ရေတပ်ပင်မစက်မှုလက်မှုတပ်မှ တီထွင်ထုတ်လုပ်ထားသော ဖိုင်ဘာငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဦးစီးဌာနက ကြီးကြပ်၍ ဧရာဝတီတိုင်း လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်ခုခံကျ/ကာလသားရောဂါ ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော် ဦးဆောင်သော ဆရာဝန်အဖွဲ့သည် ဇွန် ၂၂ ရက်တွင် မော်လမြိုင်ကျွန်းမြို့ တစ်ဖက်ကမ်း (၈)ရပ်ကွက် အခြေခံပညာအလယ်တန်း ကျောင်း၌ မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်၍ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအကြောင်း ဟောပြောဆွေးနွေးပြီး လက်သန့်ရှင်းခြင်း အမှုအကျင့်အတွက် လက်တွေ့ သရုပ်ပြ ပညာပေးဆွေးနွေးသည်။

အသိပညာပေး

ထို့နောက် အဖွဲ့ခေါင်းဆောင်ဆရာဝန် (အနာကြီး) ဒေါက်တာဇော်ဝမ်းက သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းအကြောင်းကို လည်းကောင်း၊ ဒေသဆိုင်ရာ ပိုလီယိုအရာရှိ(မွန်ပြည်နယ်)မှ ဒေါက်တာရဲသူဟန်က ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့် ကျေးရွာအုပ်စုသို့ မျိုးစပါးများထပ်မံပေးပို့

ရန်ကုန် ဇွန် ၂၉

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ စဉ်ဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိရာ မျိုးစပါး တင်း ၁၀၀၀ ကို မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ဖြန့်ဝေရန်အတွက် ဇွန် ၂၈ ရက် ညနေပိုင်းတွင် သန်းဝင်းရွှေ ရေယာဉ်ဖြင့် ထပ်မံပေးပို့လိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၃၀ ရက်)

နေအိမ်များ အမြန်တည်ဆောက်ပြီးစီးရေး စေတနာရှင်များ ဝိုင်းဝန်းကူညီဆောင်ရွက်

မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ပြည်သူများ၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်း၍ ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးနှင့် မူရင်းဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေး စသည့်လုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

လေဘေးဒဏ်ခံရ၍ အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ပြည်သူများအား အခိုင်အမာနေအိမ်များ ဆက်လက်တည်ဆောက်ပေးရန် လိုအပ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည် ဖြစ်သည်။

ယခုအခါ လေဘေးဒဏ်ကြောင့် အဆိုးရွားဆုံးပျက်စီးသွားသောဒေသများ၌ နိုင်ငံတော်၏ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်နေကြပြီဖြစ်သည်။ အိမ်ရာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလနေထိုင်ခဲ့သော နေအိမ်များထက် ပိုမိုကောင်းမွန်သည့် အနံ ၁၆ပေ၊ အလျားပေ ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အခိုင်အမာနေအိမ်များ ဆောက်လုပ်ပေးရန် စီစဉ်ထားသည်။

လေဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသည့်အတွက် နိုင်ငံတော်နှင့်အတူ စေတနာရှင် အလှူရှင်များ၊ သစ်လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ခြင်းဖြင့် အဆိုပါနေအိမ်များ အမြန်ဆုံး တည်ဆောက်လာနိုင်မည် ဖြစ်သည်။

ပထမအဆင့်အနေဖြင့် နေအိမ်အလုံးပေါင်း ၆၀၀၀ကျော် တည်ဆောက်သွားမည်ဖြစ်ရာ စေတနာရှင် ပြည်သူများ၏ ဒါနစွမ်းအားဖြင့် ပါဝင်ကူညီနိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို နိုင်ငံတော်က သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်သည်။

လေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အပါအဝင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းခဲ့သည့်အတွက် အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအဆင့်အလိုက် ထူထောင်ရေးလုပ်ငန်းများ ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ စေတနာရှင် ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက ကရုဏာနှင့်သဒ္ဓါတရား အပြည့်အဝထားရှိပြီး ဆက်လက်ဝိုင်းဝန်းကူညီ စောင့်ရှောက်ခြင်းဖြင့် ခိုင်ခံ့သောနေအိမ်များ အမြန်တည်ဆောက်ပြီးစီးလာမည်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၀-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း-၈၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစုံစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၂၅)

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် အတွက် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း တိုက် ၇ အခန်း ၄၄နေ ဦးဘိုသိန်း-ဒေါ်ကြည်ကြည်မြင့်၊ သား ဘိုဘိုမေကိုဦး၊ ဘိုဘိုသဲကိုလတ်၊ သမီး နီနီငွေး၊ ကေသီဝင်းတို့က အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးဟံညွှန့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

(က-ပ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များအား လူမှုဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် စာသင်သား၊သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဖွယ်ပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာချစာသင် ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ကို ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းက လက်ခံယူပြီး(**အပေါ်ပုံ**)ဒုတိယဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရားကို ချီးမြှင့်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီ ဒုတိယပတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီဒုတိယပတ် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး နေပြည်တော် တပ်ကုန်းရှိ နေပြည်တော်သတင်းစာတိုက်၊ နေပြည်တော်ပုံနှိပ်စက်ရုံနှင့် နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

စိုက်ပျိုး

ယမန်နေ့က သစ်ပင်စိုက်ပျိုးပွဲတွင် သရက်၊မန်ကျည်း၊တမာ၊ကုက္ကို၊မဲဇလီနှင့်ခရေ စသည့်အပင်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၄၅၀၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော်သတင်းစာတိုက်၌ အပင်ပေါင်း ၁၂၀၀၊ နေပြည်တော်ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၅၀၀နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ အပင်ပေါင်း ၄၈၀ စုစုပေါင်း အပင် ၂၆၃၀တို့ကို စိုက်ပျိုးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မြေလွတ်၊ မြေလပ်များကို အကွက်ချ၍ အပိုင်းလိုက် အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ရာ ကျန်ရှိသောအပင်များကို သတ်မှတ်နေရာများ၌ ဇူလိုင်လအတွင်း ပြီးစီးအောင် ကွက်ပြည့်စိုက်ပျိုးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများအားလုံးအတွက် မြန်မာအမျိုးသမီးများနေ့

လာမည့် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့သည် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးတစ်နေ့ဖြစ်ပါသည်။

၁၉၉၅ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် နိုင်ငံတကာ အမျိုးသမီးများညီလာခံ(Beijing's Fourth World Women's Conference,1995)မှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရား (National Mechanism) ဖွဲ့စည်းဆောင်ရွက်ကြရန် ဆွေးနွေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"** [Myanmar National Committee for Women's Affairs] (MNCWA) ကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုမှတစ်ဆင့် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အမျိုးသမီးထုကြီး ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ လွှမ်းခြုံအကောင်အထည်ဖော် လုပ်ဆောင်သွားနိုင်ရန်၊ ပြည်တွင်းပြည်ပနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်လည်း လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"** (Myanmar Women's Affairs Federation-MWAF) ကို ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် လုပ်ငန်းအဖွဲ့အသီးသီးမှတစ်ဆင့် အောက်ပါရည်ရွယ်ချက် (၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိသည်-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ကဏ္ဍကို မြှင့်တင်ပေးရန်၊
(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊
(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊
(၄) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်၊
(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်ကြီး တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊
(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) ဖြစ်သည့် မတ်လ ၈ ရက်နေ့ကို အလေးထားဂုဏ်ပြုရမည့်နည်းတူ မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ထားသည့် ဇူလိုင်လ ၃ ရက်နေ့ကို ကျွန်မတို့ မြန်မာအမျိုးသမီးအားလုံးက ပို၍ပင် ကြိုဆိုအလေးထားကြဖို့ လိုပါမည်။ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် မားမားမတ်မတ်ရပ်တည်၊ ကာကွယ်စောင့်ရှောက် ညွှန်ကြားပေးနေသည့် **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"**၏ ရှေ့ပြေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် သတ်မှတ်ပေးခဲ့သည့်နေ့ဖြစ်၍လည်း အလေးအနက် တန်ဖိုးထားကြိုဆိုရမည်ဖြစ်သည်။

အေးဖြူ

အစိုးရ မဟုတ်သော လူမှုရေး အဖွဲ့အစည်းတစ်နည်းအားဖြင့် ပြည်သူလူထု အခြေပြုသည့် အဖွဲ့အစည်း (Civil Society Organization) တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့ကို အားကြိုးမာန်တက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီး ဖြစ်ပါသည်။

ပြီးခဲ့သည့် မတ်လ ၈ ရက် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် အဓိကဆောင်ပုဒ်မှာ "Investing in Women and Girls" **"အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီးမြှုပ်နှံ"** ဖြစ်ပါသည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကလည်း **"အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှာ အမှန်လုပ်သင့် လုပ်ထိုက်သည့် ကိစ္စရပ်တစ်ခုသာမဟုတ်၊ ထူးချွန်ပြောင်မြောက်တဲ့လုပ်ငန်းတစ်ခုလည်း ဖြစ်တယ်။ ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အသုံးဝင် အကျိုးရှိစေမယ့် အများမသိသေးတဲ့ စွမ်းအားတွေ အမျိုးသမီးတွေဆီမှာရှိတယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်"**ဟူ၍ ညွှန်းဆိုထားပါသည်။

တစ်ဆက်တည်းမှာပင် အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုချက်များကိုလည်း ထုတ်ဖော်ခဲ့ရာ၌ အမျိုးသမီးများအတွက် အလုပ်လုပ်ခွင့်ရစေရန်နှင့် ထုတ်လုပ်မှုစွမ်းအားများ ပိုမိုမြှင့်တင်ရေးဆောင်ရွက်ချက်များ၊ အမျိုးသမီးများအတွက် ငွေကြေးဆိုင်ရာ ထောက်ပံ့အကူအညီပေးမှုများ ပိုမိုမြှင့်တင်ပေးရေးနှင့် ကျား-မ အခွင့်အရေးကွာဟချက်များ လျော့နည်းစေရေးဆိုင်ရာ ကြိုးပမ်းမှုများ ပါဝင်ပါသည်။

သမိုင်းတစ်လျှောက် ကျွန်မတို့ မြန်မာအမျိုးသမီးများအနေဖြင့် ကံကောင်းသည်ဟု ဆိုရပါမည်။ အချို့နိုင်ငံများမှာကဲ့သို့ အမျိုးသမီးများအား ခွဲခြားနှိမ့်ချဆက်ဆံမှု မခံရဘဲ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပိုမိုအလေးထား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်လမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့သည့် ကာလတစ်လျှောက် မြန်မာအမျိုးသမီးများနှင့်ငယ်ရွယ်သူ မိန်းကလေးများအတွက် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုများ၊ အလုပ်အကိုင်ရရှိရေးနှင့် မိသားစုဝင်ငွေ တိုးတက်စေရေးအတွက် ထောက်ပံ့ ကူညီပေးမှုများ၊ အသေးစားချေးငွေလုပ်ငန်းများ စသည်တို့မှာ အဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များမှ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အနာဂတ်အင်အားများ ဖြစ်ကြရလေအောင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ဂုဏ်ပြုရင်း ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ကို လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

ပုခက်လွှဲတဲ့ ဒို့လက်များ

* မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးလို့
တိုးတက်ဖို့ဆောင်ရွက်မယ်၊
မိဋ္ဌာန်ကွယ် ရည်ရွယ်(၇)ရပ်နဲ့
ဖွဲ့စည်းခဲ့ပါတယ်။

* ကမ္ဘာတစ်ခွင်မှာ
မြန်မာလို့ထင်ကာရှား၊
အမျိုးသမီးများ စွမ်းကာဆောင်မည်
မျိုးဂုဏ်ရည်မြင့်လှဒို့များ။

* အားနဲ့သူပါရှင်
ကျွန်မမှာ မိန်းမသား၊
ထားခဲ့ပြီသည်အတိတ်
ဂုဏ်သိက္ခာမျိုးဇာတိနဲ့
ကမ္ဘာသိထင်ရှား။

* မြန်မာအမျိုးသမီး ကြီးကြီးငယ်
ကာကွယ်ကာလုံခြုံဖို့၊
လူကုန်ကူးအကြမ်းဖက်
တိုက်ဖျက်ကာ ဘက်စုံဖြိုး
ပျိုးထောင်ကြစို့။

* ဘာသာရေး ပညာရေး
စီးပွားရေး လူမှုနယ်
ကျယ်ပါစေဒို့မမှု၊
လူသားထုထက်ဝက်ကျော်နဲ့
ပုခက်လွှဲတဲ့ ဒို့လက်များ
အမျိုးသားထုနဲ့ ရင်ပေါင်တန်းမည်
တိုင်းပြည်အကျိုးပြု။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၂၉

အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့၏ အကြိမ်(၃၀)မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၆ရက် (ဝါဆိုလဆန်း ၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်)၏ မဟာကုသလကာရီဓမ္မသာလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူများနှင့် ယောဂီများ မပျက်မကွက်တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၆-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	အတီးပြိုင်ပွဲ
၇း၅၅	၅။	မံဆောင်းတံတား
၈း၁၀	၆။	တေးဂီတအစီအစဉ်
၈း၂၀	၇။	အကပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၀	၉။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၂၀	၂။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၂၅	၃။	မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၄း၃၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၅	၅။	အတီးပြိုင်ပွဲ
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၇။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၀	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	အဆိုပြိုင်ပွဲ
၅း၃၀	၁၀။	**အား.... နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင် (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၅း၄၅	၁၁။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၃၀	၁၃။	မိုးလေဝသအခြေအနေ
၆း၃၅	၁၄။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၅	၁၅။	ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
၇း၁၅	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၇)
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၇)
	၂၁။	အစီအစဉ်ပြီး၏။

ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကင်းဝေးပြီး ကျန်းမာသန်စွမ်း ဉာဏ်ရည်ထက်မြက်သော လူငယ်လူရွယ်များအဖြစ် ဘဝမှာအောင်မြင်မှုရရှိစေရန် ရည်ရွယ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပခြင်းဖြစ်

နေပြည်တော် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို မြန်မာဘာသာ ပြန်ဆိုပြီး ၄င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဆောင်ပုဒ်မှာ " TOBACCO-FREE YOUTH" ဖြစ်ပြီး မြန်မာဘာသာဖြင့် "ဆေးလိပ်ကင်းပ လူငယ်ဘဝ၊ ဆွဲဆောင်မှုများ ဟန့်တားကြ" ဟူ၍ ပြန်ဆိုထားကြောင်း၊ ယခုဆောင်ပုဒ်၏ ဦးတည်ချက်မှာ နောင်တစ်နေ့တွင် နိုင်ငံ့ခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်လူရွယ်ကလေးများကို ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု ကင်းဝေးပြီး ကျန်းမာသန်စွမ်း၊ စိတ်ရွှင်လန်း၍ ဉာဏ်ရည်ထက်မြက်သော လူငယ်လူရွယ်များအဖြစ် ဘဝမှာ အောင်မြင်မှုရရှိစေရန် လှုံ့ဆော်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် လေ့လာ သုတေသနပြုချက်များအရ ဆေးလိပ်သောက်သူအများစုသည် အသက်၁၈နှစ် မတိုင်မီကပင် ဆေးလိပ်ကို စတင် စမ်းသပ်သောက်သုံးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ဆေးလိပ်စသောက်သည့် အရွယ်ငယ်လေလေ ဆေးလိပ်ကို ပိုစွဲလေလေဖြစ်ပြီး ဆေးလိပ်ဖြတ်ရန် ပိုမိုခဲယဉ်းသွားကြောင်း တွေ့ရှိရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်ကင်းဝေးရေးစီမံချက်ကို ၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်လာခဲ့ကြောင်း၊ ထူးခြားသည့်မှတ်တိုင်တစ်ရပ်မှာ ၂၀၀၆ခုနှစ် မေ ၄ရက်မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဥပဒေပါ အချက်အလက်များအနက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော "Tobacco-Free Youth" နှင့် ကိုက်ညီသည့် အချက်အလက်များမှာ အသက်၁၈နှစ် မပြည့်သေးသောသူအားဆေးလိပ်ကို ရောင်းချခြင်း (သို့) ပေးကမ်းခြင်း၊ အသက် ၁၈နှစ် မပြည့်သေးသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း (သို့) ရောင်းချခြင်း ပြုရာတွင် ခိုင်းစေခြင်းတို့ကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည့်အတွက် အရွယ်မရောက်သေးသော ကလေးသူငယ်များကို ဆေးလိပ် စမ်းသပ်သောက်သုံးမှု မပြုနိုင်ရန် ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ကြောင်း။ ထို့အပြင် စီးကရက်ကို တစ်လိပ်ခြင်းဖြစ်စေ၊ အလိပ်၂၀ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းသည် ပြစ်မှုမြောက်သည့်အတွက် စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်သည့် အခွင့်အရေးလျော့နည်းသွားမှာ ဖြစ်ကြောင်း ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ကြော်ငြာခြင်း မပြုနိုင်ရန် အဘက်ဘက်မှ ပိတ်ပင်တားမြစ်ထားသည့်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးမှာ အဟန့်အတား ဖြစ်သွားမှာဖြစ်ကြောင်း။ ထို့ကြောင့် အဆိုပါ ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းသောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသောနေထိုင်မှုဘဝရရှိလာစေပြီး၊ ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က အရှေ့တောင်အာရှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် အဆင့်မြင့်မွမ်းမံ လင်း၊ ပြန့်၊ ဖြိုး၊ လျှံ စီမံကိန်းလုပ်ငန်းရပ်ကြီးအတွက် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစရိယအား အမှူးထား၍ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်း အမှတ်၄၂နေ ဦးကျော်မင်း၊ ဒေါ်စုစုရီ၊ သမီး ခင်လပြည့်ဝန်းမိသားစုက ဂေါပကအဖွဲ့ဝင်ဦးသန်း၊ ဦးဘုန်းမြင့်နှင့် ဦးအောင်သိန်းတို့ထံ ဇွန်၂၇ရက်က အလှူတော်ငွေကျပ် နှစ်သိန်းပေးအပ် လှူဒါန်းစဉ်။ (၁၀၃)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၂၇ရက် ညနေ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသော ၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ်က ချန်ပီယံ ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် အမျိုးသား အသင်းတို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို ဝန်ကြီးထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြည်နယ်နှင့် တိုင်းအသင်းများအား ကရာတေးဒို အားကစားနည်း ဗွီစီဒီအခွေများကို ပေးအပ်သည်။

အလှူငွေပေးအပ်

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒို အားကစား တိုးတက် မြင့်မားစေရေးနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိစေရေးအတွက် အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ သုခကမ္ဘာ အထွေထွေရောဂါကုဆေးခန်းမှ အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ကိုလံဘတ် ခရီးသွားလုပ်ငန်းမှ အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ Nike Center မှ အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ Liz Star Enterprise Co.,Ltd.မှ အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း အသီးသီးလှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

သရုပ်ပြ

ဆက်လက်၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော ကရာတေးဒိုအားကစားသမားများနှင့် မျိုးဆက်သစ်လူငယ်ကရာတေးဒိုအားကစားသမားများက ကရာတေးဒို နည်းစနစ်များကို သရုပ်ပြသကြသည်။

ပါဝင်ယှဉ်ပြိုင်

၂၀၀၈ ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်း ၁၃ခုမှ ကရာတေးဒို အားကစားမောင်မယ်များ ၁၈၆ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

(သတင်းစဉ်)

Giordano က သောက်ရေသန့်စက်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

Giordano က ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူကျောင်းသားများ သောက်သုံးရန်အတွက် ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ သောက်ရေသန့်စက်၊ လီတာ ၅၀၀ ဆံ့ စတီးလ်တိုင်ကီနှင့် မီးစက် စသည့်ပစ္စည်းများပေးအပ်ခြင်းကို ဇွန်၂၄ရက်က အဆိုပါမူလတန်းကျောင်း၌ လှူဒါန်းရာ တာဝန်ရှိသူများက သောက်ရေသန့်စက်ကို ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ဗဟန်းမြို့နယ် အမက(၁၄)၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၉

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ နှင့် စာဖတ်ဝိုင်းကို ဇွန်၁၉ရက် နံနက် ၁၀နာရီက ဗဟန်းမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်၊ အမက(၁၄) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်နှင့် မြို့ပြ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးဆင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်မြင့်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်ဝိုင်း ဆောင်ရွက်ရခြင်းနှင့် စာပေအကျိုးကျေးဇူးကြီးမားပုံကို ဟောပြောသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူကလေးများ လေ့လာဖတ်ရှုနိုင်ရန် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က ဂျာနယ်မျိုးစုံ အစောင်၁၅၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူကလေးများနှင့် စာဖတ်ဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ္စာအဓိဋ္ဌာန်ပညာ အကျင့်လမ်းစာအုပ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၉

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက ပဲခူးတိုင်း(အနောက်ပိုင်း) သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ ဆရာတော်ကြီးရေးသား ပြုစုတော်မူသော သစ္စာအဓိဋ္ဌာန် ပညာ အကျင့်လမ်း စာအုပ်ထွက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်တွင် ပရိကမ္မပြုပုံ အဆင့်ဆင့်နှင့် ဆုတောင်းဆုပန်ခန်း၊ အဓိဋ္ဌာန် သစ္စာပြုပုံ၊ မေတ္တာသုတ်ကျင့်စဉ်၊ ခန္ဓသုတ်ကျင့်စဉ်၊ မဟာသရဏဂုံတော် ၃၆ပါးကျင့်စဉ်၊ ဂုဏ်တော်စကြာပွားများပုံ၊ ကျင့်စဉ်သမားများအတွက် သိမှတ်ဖွယ်ရာ အဖြာဖြာ၊ သမ္ဗုဒ္ဓေဂါထာကျင့်စဉ်၊ ပဋ္ဌာန်း ၂၄ပစ္စည်း ကျင့်စဉ်၊ ပထဝီဇယမန္တန် ၁၄ ဂါထာကျင့်စဉ် စသည်တို့ ပါဝင်သည်။ သစ္စာအဓိဋ္ဌာန် ပညာအကျင့်လမ်းစာအုပ် အပါအဝင် ဆရာတော်ရေးသားထားသော လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ ရရှိစေနိုင်မည့် အခြားကျမ်းစာအုပ်များကိုလည်း တော်ဝင်မြို့မစာအုပ်တိုက် အမှတ် ၈၈ ဒုတိယထပ်(ယာ) ၃၈လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇က ဖြန့်ချီ၍ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အားမာန်ဝင့်ချီ ပန်းတိုင်ဆီ** တရားတော် (ဆရာတော် အရှင်ကဝိဓဇ လင်္ကာရ)
၈း၀၀-၂း၀၀	ရွှေမြိုင်ဆန်တန်းမှာ··· မျှော်မှန်း **မြတ်နိဗ္ဗာန်စခန်း** (အပိုင်း-၁)
၈း၃၅-၂း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်း သိကောင်းစရာများ) (ဒေါက်တာသန့်ဇင်စိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၉း၀၀-၃း၀၀	မြန်မာ့အက အခြေခံ ကဗျာလွတ်ကဟန် (အမျိုးသမီးကဗျာလွတ်)
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ဖန်တီးသူ၏ လက်မှုအနုပညာ
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တိုးတက်လာသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	စွမ်းဆောင်နိုင်ခြင်း၏ စုတ်ချက်များ
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	Diploma Guide (International Diploma in Network & Cyber Security အကြောင်း သိကောင်းစရာ)
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	Trader's Bridal Fairs
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	စားချင့်စဖွယ် နည်းအသွယ်သွယ်(ကွတ်ကီးစ်မုန့်)
၁၁း၅၀-၅း၅၀	Turning A Great River into A Thoroughfare
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	စိုက်ပျိုးဝေဆာတို့မြေမှာ (ဆေးဖက်ဝင်သစ်ခွ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အိုဘားမားက ဂျွန်မက်ကိန်းထက် ပြည်နယ်လေးခု၌ ထောက်ခံမှုပိုရနေ

ဟီလာရီနှင့် အိုဘားမား ပူးတွဲ မဲဆွယ်စည်းရုံး

ဝါရှင်တန် ဇွန် ၂၉

လာမည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်အရှုံး အဆုံးအဖြတ်ပေးမည်ဟု မျှော်လင့်ရသည့် ကော်လိုရာဒိုပြည်နယ်၊ ဟစ်ချီလန်ပြည်နယ်၊ မစ်ချီဂန်ပြည်နယ်နှင့် ဝစ္စကွန်ဆင်ပြည်နယ်လေးခုတွင် ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းထက် ထောက်ခံမှုပိုမိုရရှိနေကြောင်း ဇွန် ၂၆ ရက်က ထုတ်ပြန်သည့် ပြည်သူ့ဆန္ဒသဘောထား စစ်တမ်းအရ သိရသည်။

ထောက်ခံမှုရရှိ

ဇွန်၁၇ရက်မှ၂၄ရက်အထိ ကွင်းဆင်းမေးမြန်းသည့် ကွင်နီပီယက်တက္ကသိုလ် ပြည်သူ့သဘောထားစစ်တမ်းအရ ကော်လိုရာဒိုပြည်နယ်၌ အိုဘားမားက ၄၉ ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက ၄၄ ရာခိုင်နှုန်း၊ မစ်ချီဂန်ပြည်နယ်၌ အိုဘားမားက ၄၈ ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက ၄၂ ရာခိုင်နှုန်း၊ မင်နီဆိုတာပြည်နယ်၌ အိုဘားမားက ၅၄ ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက ၃၇ ရာခိုင်နှုန်း၊ ဝစ္စကွန်ဆင်ပြည်နယ်၌ အိုဘားမားက ၅၂ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက၃၉ရာခိုင်နှုန်း ထောက်ခံမှုအသီးသီးရရှိနေသည်။ ဤပြည်နယ်များမှာ မဲပေးရာ၌ ဘက်ပြောင်းပြည်နယ်များဖြစ်သည်။

ထို့ပြင် အိုဘားမားက ဂျွန်မက်ကိန်းထက် အမျိုးသမီးထုအကြား၊ လူမျိုးစုများနှင့် လူငယ်များကြားတွင်လည်း ပိုမိုထောက်ခံမှုရရှိထားသည်။ တွေ့ဆုံမေးမြန်းခံရသူ ၇၅ ရာခိုင်နှုန်းက အိုဘားမားကို ထောက်ခံမဲပေးရန် ဆုံးဖြတ်ထားကြောင်း ပြောကြားကြသည်ဟု မေးမြန်းသူများက ပြောကြားသည်။

တက်ရောက်

ထိုအတောအတွင်း လာမည့်သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအနိုင်ရရှိရေးအတွက် နယူးဟမ်ရှိုင်းယားပြည်နယ်၌ အိုဘားမားနှင့် ဟီလာရီတို့ပူးတွဲကာ ဇွန် ၂၇ရက်က မဲဆွယ်စည်းရုံးသည်။ (ဓာတ်ပုံ) အဆိုပါ လူထုအစည်းအဝေးပွဲသို့ ပရိသတ် ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ပထမဆုံး

အကြိုရွေးကောက်ပွဲများ၌ အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ပြိုင်ပွဲမှ ဟီလာရီ ထွက်ခွာသွားကတည်းက ၎င်းတို့နှစ်ဦး ဇွန် ၂၇ ရက်က ပူးတွဲကာ ပရိသတ်ရှေ့သို့ ပထမဆုံး ထွက်လာခြင်းဖြစ်သည်။

(အင်တာနက်)

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဇွန်၂၆ရက်က အမေရိကန် မရိန်းတပ်ဖွဲ့ဝင် သုံးဦးနှင့် စကားပြန်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဇွန်၂၇ရက်တွင် ကြေညာသည်။

အန်ဘာပြည်နယ်အတွင်း ရန်သူများချေမှုန်းရေးစစ်ဆင်စဉ် သေဆုံးကြရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင်ဖော်ပြသည်။ မည်သည့်နေရာအတိအကျကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုဟုဆိုသည်။ သို့သော် အီရတ်ရဲတပ်ဖွဲ့ကမူ အသေခံဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ စီးပွားရေးကုန်သွယ်မှုဆိုင်ရာ ထုတ်ကုန်ပြပွဲ ကျင်းပ

ဖနောင်ပင် ဇွန် ၂၉

တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ထုတ်ကုန်ပြပွဲကို ဇွန်၂၇ရက်မှ စတင်ကာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ အကြိမ်(၅၀)မြောက် ထုတ်ကုန်ပြပွဲကို ဖနောင်ပင်မြို့၌ သုံးရက်ကြာ ကျင်းပခဲ့ရာ နှစ်နိုင်ငံအကြား အစိုးရ အဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းကာ စီးပွားရေးနှင့် ကုန်သွယ်မှု ကဏ္ဍထုတ်ကုန်များ ပြသထားပြီး ကမ္ဘောဒီးယားနိုင်ငံမှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကောင်စီ(စီဒီစီ)နှင့် တရုတ်နိုင်ငံ သံရုံးမှ အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍသည် ၁၉၉၂ခုနှစ်၌ အမေရိကန်ဒေါ်လာ၁၂ဒသမ၉၅သန်းမှ ၂၀၀၇ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ၉၃၃သန်းအထိ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း ထုတ်ကုန်ပြပွဲဖွင့်ပွဲ၌ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် ပယ်နယ်ဆိုးနစ် ယူအင်န်ပီစီကွန်ပျူတာ

နည်းပညာသိပွဲ

တိုကျို ဇွန် ၂၉

ဂျပန်နိုင်ငံ ပယ်နယ်ဆိုးနစ်ကုမ္ပဏီမှ အသေးစား ပီစီကွန်ပျူတာ တစ်မျိုးကို ဇွန် ၂၈ရက်က တီထွင်ထုတ်လုပ်လိုက်သည်။

သိမ်းဆည်းထား

ယူအမ်ပီစီဟု အမည်ပေးထားသော(ယာပုံ) အဆိုပါ ပီစီကွန်ပျူတာသည် လက်ကိုင်ကွန်ပျူတာ အရွယ်အစား ဖြစ်သော်လည်း လက်တော့ပ်ကွန်ပျူတာတစ်ခုကဲ့သို့ စွမ်းအားပြည့် အသုံးပြုနိုင်သည်။ ဒီဂျစ်တယ်စနစ်နှင့် နောက်ဆုံးပေါ်အိုင်တီ နည်းပညာများကို ပေါင်းစပ်အသုံးပြုထားသဖြင့် အချက်အလက်ပေါင်းများစွာ သိမ်းဆည်းထားနိုင်သည်။

တစ်ဖန် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည့်အပြင် ရုပ်/သံအစီအစဉ်များကိုလည်း နားထောင်နိုင်သည်။ ယူအင်န်ပီစီကွန်ပျူတာ၏ အလေးချိန်မှာ ၁ဒသမ ဝ၆ ကီလိုဂရမ်ရှိပြီး အလူမီနီယံ အနားသတ် ပေါင်ကွပ်ထားသည်။

အသုံးဝင်

ထို့အပြင် ယူအင်န်ပီစီကွန်ပျူတာတွင် ထည့်သွင်းအသုံးပြုထားသော ဘက်ထရီသည် တစ်ဆက်တည်း ကိုးနာရီကြာမျှ အသုံးပြု၍ရသဖြင့် လျှပ်စစ်ဓာတ်အားမရနိုင်သည့် နေရာဒေသများ၌ အသုံးဝင်ကြောင်း သိရသည်။ (အင်တာနက်)

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

ကိုလံဘို ဇွန် ၂၉

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းကျွန်းဆွယ်ဒေသ၌ တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၄၃ဦးနှင့် အစိုးရတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း ဇွန် ၂၇ရက်က စစ်ဘက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်။

ပြောကြား

သီရိလင်္ကာနိုင်ငံတွင်း လွန်ခဲ့သည့် ၂၅နှစ်တာ ကာလကတည်းက ပြည်တွင်းစစ်ပွဲများသည် ပိုမိုပြင်းထန်လာခဲ့ကြောင်း၊ ယင်း ဖြစ်ပွားမှုသည် ဇွန် ၂၆ရက်၌ ဗီဗျူနီယာ၊ မန်နာနှင့် ဝီလိုရာဒေသများတွင် တိုက်ပွဲ ဖြစ်ပွားရာ အဆိုပါတမီးလ် ကျားသူပုန် ၄၃ဦး သေဆုံးပြီး ၄၂ဦးဒဏ်ရာရရှိ၍ တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိကြောင်း အမျိုးသားလုံခြုံရေး သတင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဇွန် ၂၇ရက် နံနက်ပိုင်းတွင် လေတပ်စခန်းမှ တိုက်လေယာဉ်ဖြင့် နိုင်ငံမြောက်ပိုင်းရှိ တမီးလ်ကျားသူပုန်များ အခြေစိုက်စခန်း၏ လေ့ကျင့်ရေးစခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုများကို အသေးစိတ်မသိရသေးပေ။

ကြေညာ

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းဒေသများ၌ ဇွန် ၂၅ရက်ကတည်းက တိုက်ပွဲများဖြစ်ပွားရာ သူပုန် ၁၂၄ဦးနှင့် အစိုးရတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

ဟောင်ကောင် ဇွန် ၂၉

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၂၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၇°C	လေပြင်းတိုက်၊ မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၅°C	မိုးရွာ
ဂျပန်	တိုကျို	၂၃°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၂°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	နယူးဒေလီ	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၄°C	တိမ်ထူထပ်

(အင်တာနက်)

ကမ္ဘာ့ပြဿနာများ ကိုင်တွယ်ဖြေရှင်းရေး ဖွံ့ဖြိုးပြီး နိုင်ငံများအား ဘန်ကီမွန်းတိုက်တွန်း

ဂျီနီဗာ ဇွန် ၂၉

စားနပ်ရိက္ခာအကျပ်အတည်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ ကိုင်တွယ်ရေးအတွက် တိတိကျကျ အရေးယူ ဆောင်ရွက်ကြရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန်၂၆ရက်တွင် တိုက်တွန်းလိုက်သည်။

အဆိုးဆုံး

ဖော်ပြပါ အကျပ်အတည်းသုံးခုနှင့်ပတ်သက်၍ အကျယ်ချဲ့ပြောဆိုရန်မလိုဘဲ မိမိတို့အားလုံး ချက်ချင်းလက်ငင်း ပူးတွဲကိုင်တွယ်ဖြေရှင်းကြရမည် ဖြစ်ကြောင်း၊ စားကုန်စျေးနှုန်း မြင့်တက်မှုကြောင့် ပေါ်ပေါက်တတ်သည့် ပြဿနာများမှာ အဆိုးဆုံးဖြစ်ကြောင်း ကုလသမဂ္ဂဌာနချုပ်တွင် မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ ဓာတုစက်ရုံပေါက်ကွဲမှုဖြစ်ပွား

ယူနန် ဇွန် ၂၉

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ဓာတုစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားခဲ့သည်။

စုံစမ်းစစ်ဆေး

ယင်းစက်ရုံမှာ ယူနန်ဒီဝီကုဒ် ကုမ္ပဏီလီမိတက်ပိုင်ဖြစ်ကြောင်း၊ အလုပ်သမားများ စက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ သုံးဦးမှာ ပေါက်ကွဲမှုဖြစ်ရာ နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ပေါက်ကွဲရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ပအလုပ်သမားများ ၄၄၀၀ ကမ္ဘောဒီးယား၌ ယခုနှစ်အတွင်း တရားဝင်လုပ်ကိုင်နေ

ဖနောင်ပင် ဇွန် ၂၉

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် ပြည်ပအလုပ်သမား ၄၄၀၀ ရှိကြောင်း ဇွန် ၂၇ရက်တွင် မဲခေါင်တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

သတင်းထုတ်ပြန်

အဆိုပါ ပြည်ပအလုပ်သမားများအနေဖြင့် အထည်ချုပ်၊ ဘဏ်လုပ်ငန်းနှင့် အဖျော်ယမကာလုပ်ငန်းတို့တွင် အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း အလုပ်သမားနှင့် အသက်မွေးပညာလေ့ကျင့်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံများအားလုံး လုပ်သားအင်အား အပြန်အလှန် အကျိုးပြုလုပ်ဆောင်ခြင်းဖြင့် လူမှုရေးရာနှင့်စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ တာလီဘန်အကြမ်းဖက်မှု ယခုနှစ်အတွင်း ပိုမိုဖြစ်ပွား

ဝါရှင်တန် ဇွန် ၂၉

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ တာလီဘန် လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း ဇွန် ၂၈ရက်က ပင်တဂွန်စစ်ဌာနချုပ်မှ သတင်းထုတ်ပြန်သည်။

တပ်ဖြန့်ချထား

အာဖဂန်နှင့်ပါကစ္စတန်နယ်ခြားဒေသ၌ အကြမ်းဖက်မှု အများဆုံးဖြစ်ပွားလျက်ရှိကြောင်း၊ တာလီဘန်လက်နက်ကိုင်များ၏ အခိုင်အမာတပ်စွဲထားမှုနှင့် တိုက်ခိုက်မှုများကို နှိမ်နင်းနိုင်ရေးအတွက် ၂၀၀၁ခုနှစ် စက်တင်ဘာမှစတင်ကာ အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖြန့်ချထားလျက်ရှိသည်။

ဖော်ပြ

အထူးသဖြင့် အာဖဂန်နိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ ဒေသများတွင် ၎င်းနိုင်ငံအာဏာပိုင်များက တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက် တိုက်ခိုက်မှုများကို ထိန်းချုပ်လျက်ရှိကြောင်း၊ ယခုကာလ၌ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ၎င်းလက်နက်ကိုင်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗီယက်နမ် ဖိနပ်စက်ရုံ၌ အလုပ်သမားအများစု အစာအဆိပ်သင့်မှုဖြစ်ပွား

ဟနွိုင်း ဇွန် ၂၉

ဗီယက်နမ်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဖွင့်လှစ်ထားသည့် တရုတ်(ထိုင်ဝမ်)ပိုင် ဖိနပ်စက်ရုံရှိ အလုပ်သမား၈၀ရာခိုင်နှုန်းမှာ အစာအဆိပ်သင့်မှုဖြစ်ပွား၍ ဆေးရုံသို့တင်ပို့လိုက်ရသည်။

အစာအဆိပ်သင့်

အလုပ်သမားများမှာ ညစာအဖြစ် တို့ဟူး၊ ဂေါ်ဖီနှင့် ငါးဟင်းများကို စားသုံးပြီးနောက် အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးဝေခြင်းများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးအရာရှိများက အစာအဆိပ်သင့်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းဖိနပ်စက်ရုံတွင် အလုပ်သမား ၅၀၀၀ခန့် ရှိကြောင်း သိရသည်။ (အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု-ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်း

ရန်ကုန် ဇွန် ၂၉

ဇွန် ၂၉ရက်က သဘာဝရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ရန်ကုန်မြို့တွင် နေသာချိန်နည်းပြီး နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာပြီး ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။



ဇွန် ၃၀ရက်(**ယနေ့**) ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇွန် ၃၀ရက်(**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုးသက်လေပြင်း

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း သဘာဝရာသီဥတု ဖြစ်စဉ်ကို ဖော်ပြလိုက်ရပါသည်။

ဇွန် ၂၉ ရက်က ရွာသွန်းခဲ့သောမိုးရေချိန်မှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ဒသမ ၇၅ လက်မ
ကျောက်ဖြူ	၇ဒသမ ၈၃ လက်မ
မောင်တော	၇ဒသမ ၄၀ လက်မ
စစ်တွေ	၆ဒသမ ၁၀ လက်မ
ပဲခူး	၃ဒသမ ၂၆ လက်မ
ကလေး၊ သံဖြူဇရပ်	၂ဒသမ ၅၆ လက်မ
မင်းကင်း	၂ဒသမ ၅၂ လက်မ
ကလေးဝ	၂ဒသမ ၀၉ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၁ဒသမ ၅၄ လက်မ

ကိုးကား- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်။

မိုးသက်လေပြင်း ကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်။

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသအား သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မုန်တိုင်းသင့်သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး သြဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသော ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက် အအုံများအား ပြန်လည်ပြုပြင်ရေးအတွက် သြဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ ဆံတော်ကြိုစေတီတော် ပရိဝုဏ်အတွင်းရှိ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ကျိုက်ထီးဆောင်းမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသတို့က သြဝါဒစကား မြွက်ကြားကြသည်။ ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလှူရှင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)မိသားစုတို့မှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တွံတေးမြို့နယ်အတွင်းရှိ ဆရာတော်သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချ

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး အလှူရှင်ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်ရေးနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။ ထို့နောက် ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံမှ ဥပ္ပ်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာ တရားနာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

မက္ကဆီကို၌ မုန်တိုင်းတိုက်ခတ်၊ သေဆုံးဒဏ်ရာရမှုနှင့် ရေလွှမ်းမှုများဖြစ်ပေါ်

မက္ကဆီကိုစီးတီး ဇွန် ၂၉

မက္ကဆီကိုနိုင်ငံ ဘာဂျာကျွန်းတွင် ဇွန် ၂၉ရက် ညနေ ၃နာရီခန့်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ နေအိမ်များပျက်စီးကာ ရေလွှမ်းမှုကြောင့်(**ယာပုံ**) သုံးဦး သေဆုံးပြီး ၁၀ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

ဖြစ်ပေါ်ခဲ့

၄င်းမုန်တိုင်းသည် ယခုနှစ်မုန်တိုင်းရာသီ၌ မက္ကဆီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် သုံးခုမြောက်မုန်တိုင်းလည်းဖြစ်သည်။ အဆိုပါမုန်တိုင်းသည် တစ်နာရီ မိုင်၅၀နှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်သော်လည်း မက္ကဆီကိုကမ်းလွန်၌ ၁၅ပေခန့်မြင့်သော လှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထုတ်ပြန်ထား

မုန်တိုင်းသည် မက္ကဆီကိုပင်လယ်ပြင်မှ အရှေ့တောင်ဘက်သို့ ဦးတည်ရွေ့လျားသွားကြောင်း၊ ပင်လယ်ပြင်၌ သွားလာနေကြသော သင်္ဘောများနှင့် ငါးဖမ်းစက်လှေများ ကမ်းကပ်ထားကြရန် သတိပေးထားကြောင်း သတင်းထုတ်ပြန်ပေးထားသည်။

အိန္ဒိယကမ်းလွန်၌ငလျင်လှုပ် အန်ဒါမန်ကျွန်းရှိ နေအိမ်အချို့ပျက်စီး

ပို့ဘလဲယား ဇွန် ၂၉

အိန္ဒိယနိုင်ငံ အန်ဒါမန်ကျွန်း ကမ်းလွန်တွင် ဇွန် ၂၉ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၃ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်လှုပ်မှုကြောင့် အန်ဒါမန်ကျွန်းရှိ ပို့ဘလဲယားမြို့တွင် အဆောက်အအုံနှင့် လူနေအိမ်များ ယိမ်းထိုးလှုပ်ခါသွားပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း၊ ၄င်းငလျင်ကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

နယူးဇီလန်၌ဆီးနှင်းများကျဆင်း လေဆိပ်နှင့်ကားလမ်းများပိတ်ထားရ

ဝယ်လင်တန် ဇွန် ၂၉

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ဇွန် ၂၉ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ လမ်းမများ၌ ဆီးနှင်းခဲများ ဖုံးလွှမ်းပြီး မော်တော်ယာဉ်သွားလာမှု ပြတ်တောက်သွားကြောင်း နယူးဇီလန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲရေး အရာရှိများကပြောကြားသည်။

ဆီးနှင်းများဆိုးရွားစွာ ကျဆင်းလျက်ရှိသောနေရာမှာ ဟူယူနူရီခရိုင် ဖြစ်ပြီး ဆီးနှင်းများ လမ်းပိတ်အောင် ကျဆင်းခဲ့သဖြင့် မော်တော်ကားနှင့် လေယာဉ်များ သွားလာပျံသန်းမှု ခေတ္တရပ်ဆိုင်းထားကြောင်းသိရသည်။

အင်ဒိုနီးရှား၌ မုန်တိုင်းမိပြီး လေယာဉ်ပျက်ကျ ၁၈ ဦးသေဆုံး

ဂျကာတာ ဇွန် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ တောင်ဘက်တွင် ဇွန် ၂၉ ရက်က စစ်ဘက်လေယာဉ်တစ်စင်း ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျသွားခဲ့ရာ(**အပေါ်ပုံ**) လေယာဉ်ပေါ်၌ ပါရှိသူ ၁၈ဦး သေဆုံးသွားကြောင်း အင်ဒိုနီးရှားစစ်ဘက်က ပြောကြားသည်။

အဆိုပါလေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ ဟာလမ်လေဆိပ်မှ ဇွန် ၂၉ ရက်နံနက်က ပျံသန်းသွားခြင်းဖြစ်ပြီး ဘိုဂေါ်တောင်တန်းအနီး မုန်တိုင်းမိကာပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ရေဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၈ရက် နံနက် ၇ နာရီက ပုသိမ်-ရန်ကုန် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာသို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေဝတီမြစ်ကြောင်း တစ်လျှောက် တိုင်းဆည်မြောင်းဦးစီးဌာနမှ ဆောက်လုပ်လျက်ရှိသော မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေကို ရေယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးပြီးထွက်ခွာခဲ့ရာ ဂန်ချောင်းတာသို့ ရောက်ရှိပြီး တိုင်းဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စုများတွင် ဆောင်ရွက်ထားရှိသည့် တာတမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ တာတမံထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများဖြစ်သော တာလုံးချဲ့ခြင်း၊ ယာယီတုတ်တမံလုပ်ခြင်း၊ အရေးပေါ်ဖြတ်တာငယ်တည်ဆောက်ခြင်း၊ ဂန်ချောင်းဖြတ်တာတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများဖြစ်သော သစ်မာရေလွှဲတန်း၊ ဝါးဒလက်ရေလွှဲတန်း၊ အောက်ခြေထိန်းဂရစ်တန်း (Toe Groyne)၊ ခြုံဖြည့်နှန်းဖမ်းတန်း လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းမြို့ ၂၁ လမ်းထိပ်ရေကင်းအမှတ်(၄)သို့ရောက်ရှိပြီး ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးကော်မတီမှ မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးသည်။

ပက်ဖျန်းနေမှု

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် သပြုကျေးရွာရှိ ဒေသခံတောင်သူများ၏ တစ်မိုးနှစ်သီး(ပထမ) စပါးအား ဓာတ်မြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး ကဇင်းတောတာ ရေကင်းစခန်း အမှတ်(၄)တွင်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသော ရေခွေပြုလုပ်ကာကွယ်ခြင်းလုပ်ငန်းနှင့် ထုတ်တန်းရိုက်၊ မြေအိတ်ဖို၍ ကာကွယ်ခြင်းလုပ်ငန်းများ၊ ရေကင်းတဲများ တည်ဆောက်ပြီး လိုအပ်သည့် အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို မြို့နယ်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကာကွယ်နိုင်

ဇွန် ၁၉ရက် နံနက် ၇နာရီက တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ရေကူတာသို့ရောက်ရှိရာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ဆည်မြောင်းဦးစီးဌာန အနေဖြင့် တာတစ်လျှောက်ရေကင်းများ ချထားမှုနှင့် မိုးရာသီမြစ်ရေကြီးချိန် ရေဘေးကာကွယ်ရေး ပစ္စည်းများထားရှိမှုအခြေအနေများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေက ရှင်းလင်းတင်ပြပြီး ရေခွေခြင်းလုပ်ငန်းသရုပ်ပြခြင်းအား ကြည့်ရှုအားပေး၍ ဦးမိုးလေးတာသို့ ဆက်လက်ထွက်ခွာလာရာ ဆည်မြောင်း ဦးစီးဌာနမှ ဦးမိုးလေးပန်းတာအား စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်း တင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့ကွင်းတံတားတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျော်လင်းက ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ငဝန်တာမြစ်အတိုင်း ရေယာဉ်များဖြင့် စစ်ဆေး ထွက်ခွာခဲ့ရာ လေးမျက်နှာမြို့နယ် ရေလဲကျေးရွာ ပန်းတာများ ဆောင်ရွက်မှု၊ ငဝန်တာမိုင် (၂၀/၂) မှ (၂၁/၁) တွင် ကမ်းပြိုကမ်းစားမှုအခြေအနေများအား လေးမျက်နှာမြို့နယ်ဥက္ကဋ္ဌနှင့် ဆည်မြောင်း ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဇွန် ၆ရက်က သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဗဟိုအမျိုးသမီး ဆေးရုံကြီး၌ ကျင်းပရာ တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (က-ပ)

ဂျိတီအိုင် ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၉

ဂျိတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ (၈)ကြိမ်မြောက် ဝါဆို သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြာတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ရုံးအဖွဲ့မှူး ဦးခင်ဇေ ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်းသိရသည်။ (က-ပ)

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၉

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၂ရက်(စနေနေ့)နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း (၆)ဝိုင်း အိမ်မဲကျောင်း ဆရာတော် ဘဒ္ဒန္တဇာနေယျအား အမှူးထား၍ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း ဖုန်း-၆၆၅၃၄၆၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၅၀-၁၄၉၄၃၊ တွဲဖက် အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး ဖုန်း-၂၉၉၉၆၅ နှင့် အမှုဆောင် ဒေါ်စီစီ ဖုန်း-၂၂၅၂၄၉၊ ဦးအောင်ဝင်း ဖုန်း-၃၇၈၂၀၅၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀နှင့် အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

အောင်စကြာ မိုးကုတ်ဝိပဿနာ ဝါတွင်းတရားစခန်းများ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းအထူးတရားစခန်းပွဲများတွင် (ဝါဆိုလပြည့်ကျော် ၆ ရက်မှ ၁၅ ရက်) ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၁ ရက်အထိ ဦးကေသဝ(စမ်းချောင်း)၊ (ဝါခေါင်လဆန်း ၆ ရက်မှ ၁၅ရက်) ဩဂုတ်၇ရက်မှ၁၆ရက်အထိ ဦးစန္ဒသာရ(ကျောင်းကုန်းမြို့)၊ (ဝါခေါင် လပြည့်ကျော် ၅ ရက်မှ ၁၄ရက်) ဩဂုတ် ၂၁ရက်မှ ၃၀ရက်အထိ ဦးဉာဏောဘာသ(သဇင်ရေကျော်)၊(တော်သလင်းလဆန်း ၆ ရက်မှ ၁၅ရက်) စက်တင်ဘာ ၅ရက်မှ ၁၄ရက်အထိ ဦးပဏ္ဍိတ(ပိဋကတ်နှစ်ပုံဆောင်)၊ (တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်)စက်တင်ဘာ ၂၀ ရက်မှ၂၉ရက်အထိ ဦးသုမနာစာရ(မြောက်ဥက္ကလာပ)၊ (သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက်) အောက်တိုဘာ ၅ရက်မှ ၁၄ရက်အထိ ဦးစန္ဒသိရီ (အောင်စကြာ)နှင့် ဆရာဦးဆန်းတင်တို့က ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ဤရိပ်သာ၌ဝါဆို၍တရား အားထုတ်လိုသော သံဃာတော်များသည် ဝါဆိုလဆန်း၁၄ရက်နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၅၄၇၀၂၈နှင့်၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး မင်းတပ်မြို့ ဘော်ခွီးလက်ဖက်ခြံစစ်ဆေး

ရန်ကုန် ဇွန် ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဇွန် ၁၃ရက်က ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မင်းတပ်မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဘော်ခွီးလက်ဖက် စိုက်ပျိုးရေးခြံသို့သွားရောက်၍ ရှင်သန်ဖြစ်ထွန်းလျက်ရှိသည့် အဆင့်မြင့်လက်ဖက်စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သုညတဓမ္မဝိပဿနာရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဖိုနမာရ်အောင်စေတီအနီး သုညတဓမ္မ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၄ရက် (ဇူလိုင် ၆ရက်) (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သံဃာတော်အပါး ၅၀အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာသင်္ကန်းတစ်စုံ ငွေကျပ်၇၅၀၀၊ နဝကမ္မငွေကျပ် ၂၅၀၀ဖြင့် သုညတဓမ္မ ဖုန်း-၀၉-၅၁-၇၉၃၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

သိမ်ကုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု သိမ်ကုန်းကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ [သိရီပဝရဓမ္မာစရိယ (မဟာဝိဇ္ဇာ-ကိုလံဘို)] အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၍ အလှူရှင်ဦးကြည်ဝမ်-ဒေါ်သန်းညွန့် (မြိတ်မိသားစု)က သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၅၆ -၂၅၂၂၃သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ညောင်ဦးမြို့ သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၉

သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၇ရက်) ဇူလိုင်၁၀ရက်တွင် ညောင်ဦးမြို့ရွှေစည်းခုံ စေတီတော်အရှေ့ဘက် မနောမယိဒ္ဓိဓမ္မာရုံတွင် ကျင်းပ၍ (လဆန်း ၈ရက်) ဇူလိုင် ၁၁ရက်တွင် တူရွင်းတောင်စေတီတော်၏ အရှေ့ဘက် တောင်ပကျေးရွာရှိ ရှင်အရဟံဓာတ်တော်စေတီ၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

မိုးကုတ် သံဝေဇနီယ ဓမ္မပူဇာအဖွဲ့(နေ့) တရားစခန်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ်သံဝေဇနီယဓမ္မပူဇာအဖွဲ့)တွင် ဇူလိုင် ၁၂ရက် (စနေနေ့)မှ ၁၆ရက်(ဗုဒ္ဓဟူးနေ့)အထိ (၁၉)ကြိမ်မြောက် မိုးကုတ်သံဝေဇနီယဓမ္မပူဇာ (နေ့) တရားစခန်းကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော် ဦးဝိမလနှင့် အရှင်သုစိတ္တာဖုန်း-၃၈၂၂၈၆၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၀-၄၈၉၄၉၊ ဒေါ်အေးအေး ဖုန်း- ၅၅၅၁၂၇နှင့် ဒေါ်အေးမာ ဖုန်း-၅၅၄၅၆၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အလွတ်တန်း ဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၂၉

ဒုတိယအကြိမ် အလွတ်တန်း ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ စတင်၍ ၃၄ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အိမ်ရာကွပ်ကဲမှုရုံးတွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇူလိုင် ၃ရက် နောက်ဆုံးထားပြီး ရွက်စိမ်းကဖေး လောပိတလမ်း ၃၄ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် လာရောက်စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အောင်ဆန်းကွင်းတွင်လည်း စုံစမ်းနိုင်သည်။ **(က-ပ)**

ရမည်းသင်းဘိုးဘွားရိပ်သာ ရေစက်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၉

ရမည်းသင်းမြို့ ဆင်ကျုံးတောရ စာသင်တိုက်အနီးတွင် ရွှေသင်းဘိုးဘွား ရိပ်သာ၌ ဘိုးဘွားများရေအခက်အခဲမရှိစေရေးအတွက် နှစ်လက်မစက်ရေတွင်း တစ်တွင်းအား စေတနာရှင်များမှ လှူဒါန်းငွေဖြင့် တူးဖော်ခဲ့ရာ ယခုအခါ သန့်ရှင်းသော ရေကောင်းရေသန့်များထွက်ရှိနေပြီဖြစ်ရာ ဖုန်း-၀၆၄-၄၀၀၁၉၊ ၀၆၄-၄၀၃၂၉နှင့် ၀၉-၂၀-၂၃၃၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၉)

မိုးမောက်စည်ပင် ရေမြောင်းများ တူးဖော်ဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနူးဆောင်နှင့် ဝန်ထမ်းများ မြို့တွင်းလမ်းဘေးဝဲယာ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများရှိ အမှိုက်သရိုက်များ ဆယ်ယူဆောင်ရွက်နေမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာဗီဒီယိုကားများ အဆင့်အတန်းမြင့်မားလာရေး ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ စံညွှန်းများနှင့်အညီ စိစစ်ဆောင်ရွက်

ရုပ်ရှင်နှင့်ဗီဒီယိုလောက တိုးတက်ပြီး အဆင့်အတန်းမြင့်မားလာရေး အရည်အချင်းကောင်းများ ပိုမိုပြည့်စုံလာအောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) ဇာတ်လမ်းရုပ်ရှင် (အသံခန်းမ)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ငန်းအဖွဲ့ လေးဖွဲ့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့သည် ဇာတ်ကားပိုင်းဆိုင်ရာ သာမက လူပုဂ္ဂိုလ်သရုပ်ဆောင်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာရေးအတွက်နည်းလမ်းများရှာဖွေ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ရုပ်ရှင်အကယ်ဒမီဆုအတွက် အကဲဖြတ်ကြရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်စွာ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍လည်း သတ်မှတ်ချက်များနှင့် ညီညွတ်မှန်ကန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စိစစ်ဆောင်ရွက်

ဗီဒီယိုဆင်ဆာအဖွဲ့၏ လုပ်ငန်းတာဝန်မှာကျယ်ပြန့်သည့်အပြင်နီးစွဲရူဝ ဆောင်ရွက်နေရကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသောစည်းမျဉ်း၊စည်းကမ်း၊စံညွှန်းများနှင့်အညီ မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ခြင်းဖြင့် မြန်မာဗီဒီယိုကားများ အဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့အနေဖြင့်လည်း အလားတူ စိစစ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

မှန်မှန်ကန်ကန်

ဗီဒီယိုကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်မှာ နိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းများမှသည် မြို့များ၊ ကျေးရွာများအထိ ကျယ်ပြန့်သော လုပ်ငန်းဖြစ်ကြောင်း၊ ဗီဒီယိုကြီးကြပ်ရေးအဖွဲ့များအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်များနှင့်အညီ ကြပ်မတ်စစ်ဆေး၍ လုပ်ငန်းများ မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံနှင့် ဌာနအတွက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန် ရရှိမှာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လက်အောက်အဖွဲ့ အဆင့်ဆင့်နှင့် မပြတ်ထိတွေ့ ကြပ်မတ်ခြင်း၊ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြောင်းလဲဆောင်ရွက်သင့်သည်များကို ပြောင်းလဲခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် လက်အောက်အဆင့်ဆင့်ကလည်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မီဒီယာနည်း

ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၀)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရာတွင် အခြေခံဥပဒေ

မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် ကျောင်းနေဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များကို ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းထွန်းအောင်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

မူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် လှုံ့ဆော်ပညာပေးဇာတ်လမ်းခြောက်ခုကို အနုပညာရှင်များ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ သရုပ်ဆောင်များ၊ စက်မှုပညာရှင်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့အပြင် လှုံ့ဆော်ရေးပညာပေးသီချင်းများကိုလည်း စီစဉ်ရိုက်ကူးခဲ့ကြသည်ကို တွေ့ရကြောင်း။

အားရဖွယ်

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့က တစ်ခဲနက် ထောက်ခံ၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ မုန်တိုင်းသင့်ပြည်သူများအား ရုပ်ရှင်နှင့် ဗီဒီယိုလောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များက မိမိတို့တတ်စွမ်းသရွေ့ ပါဝင် ကူညီခဲ့ကြသည့်အပြင် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ ပါဝင်ကူညီလာအောင် မိမိတို့၏ အနုပညာစွမ်းအားများဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို အားရဖွယ် တွေ့မြင်ရပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ရုပ်ရှင်လောကနှင့် ဗီဒီယိုလောက တိုးတက်ပြီး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ကြရာတွင် ဇာတ်လမ်း၊ ဇာတ်ကားများ အဆင့်မြင့်မားခြင်း၊ သရုပ်ဆောင်များ၏ သရုပ်ဆောင်မှု အဆင့်အတန်းမြင့်မားခြင်း၊ စက်မှုပိုင်းဆိုင်ရာစက်ပစ္စည်း အရည်အသွေး တိုးတက်လာခြင်း၊ အထူးပြုလုပ်ချက်နှင့် ရုပ်ရှင်အတတ်ပညာ တိုးတက်မြင့်မားလာခြင်းစသည့် အရည်အချင်းကောင်းများ ပိုမိုပြည့်စုံလာအောင် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်ဝသော မြန်မာဇာတ်ကားကောင်းများကို ပြည်ပသို့ ထိုးဖောက်နိုင်သည်အထိ တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်းက လိုအပ်သည့် စက်မှုပိုင်းဆိုင်ရာ စက်ပစ္စည်းအချို့ကို စတင်ထူထောင်ပေးထားသကဲ့သို့ ရုပ်ရှင်လောကသားများ အားလုံးကလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

တာဝန်(၁၀)ချက်

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများသည် ဝန်ကြီးဌာနကသတ်မှတ်ပေးထားသည့်လုပ်ငန်းတာဝန် (၁၀)ချက်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် ရှေ့ဆက်လက်၍ လုပ်ငန်းများ အောင်မြင်အောင် ဝန်ထမ်းအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၇ခုနှစ်အတွက် ချီးမြှင့်သည့် စီမံထူးချွန်(တတိယဆင့်) ရရှိသူတစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိကြသူ ကိုးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ကျောင်းနေဝန်ထမ်း သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များကို ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းထွန်းအောင်သို့လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်သို့ လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင်နိုင်ငံခြားငွေကုန်ကျစရိတ်သက်သာအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒုတိယကြီးကြပ်ရေးမှူး (ပြင်/ထိန်း) ဦးလှကျော်နှင့် ဦးမြသန်းတို့အား ဂုဏ်ပြု ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ဂုဏ်ပြု

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံး ရှာဖွေရရှိခဲ့ကြသည့် ပထမဆုရရှိသည့် ဗီဒီယိုဆင်ဆာအဖွဲ့၊ ဒုတိယဆုရရှိသည့် အထက်မြန်မာနိုင်ငံရုံးခွဲနှင့် တတိယဆုရရှိသည့် ဇာတ်လမ်း ရုပ်ရှင်ရုံးခွဲများမှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံး ရှာဖွေရရှိခဲ့ကြသည့် ပထမဆုရ ကရင်ပြည်နယ် ဘားအံ လုပ်ငန်းစုရုံး၊ ဒုတိယဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ လုပ်ငန်းစုရုံးနှင့် တတိယဆုရ ရခိုင်ပြည်နယ် စစ်တွေ လုပ်ငန်းစုရုံးတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မြန်မာ့ရုပ်ရှင် ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ မေတ္တာလက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေ ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားတွင် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အလှူရှင်များမှာ ဒုတိယဗိုလ်မှူးကြီးလင်းအောင်နှင့် ဒေါ်သန်းသန်းအေး (နေပြည်တော်)က ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ ဦးဇော်ဝင်းမောင်အား ရည်စူး၍ဦးရဲမြင့်သန်း၊ဦးမောင်မောင်ဆန်း၊ ဒေါ်သန်းသန်းဝင်း၊ဒေါ်စန်းစန်းဝင်း မောင်နှမတစ်စု (ချောက်မြို့)က ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်အမာအားရည်စူး၍ သား ဦးဇော်ဝင်းနှင့် ဒေါ်စန်းမြင့်မြင့် မိသားစု (ဗဟန်းမြို့နယ်)က ငွေကျပ် ၁၁၀၀၀၀ နှင့် ဦးပဏ္ဍိဝံသ (သုရိယစန္ဒာတောရကျောင်း) နှင့် နောင်ကုလားကျေးရွာသူ ကျေးရွာသားများက ငွေကျပ် ၂၁၅၀၀၀၀ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၆၀၀၀၀ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲရန်အတွက် ရေတပ်ပင်မ စက်မှုလက်မှုတပ်မှတီထွင်ထုတ်လုပ်ထားသော ဖိုင်ဘာဘောက်တူလှေ(ဦးချွန်)ပုံစံသစ်၊ ဘောက်တူလှေ(ဦးချွန်) ပုံစံဟောင်း၊ ဘောက်တူလှေ (Keel လိုင်းပါ) နှင့် ဘောက်တူလှေများကို ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မှူးဒုတိယဗိုလ်မှူးကြီးသန့်စင်လေးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဘောက်တူလှေများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ပြုပြင်ထုတ်လုပ်

အဆိုပါ ဖိုင်ဘာလှေများကို ဒေသတွင်းသုံးစွဲသူများ၏ လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ကောင်းသည်ထက်ကောင်းအောင် ဆက်လက်ပြုပြင်ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်က မျှော်လင့်ထားသည့် မျှော်လင့်ချက်များ အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းအားထုတ်

နယ်စပ်ဒေသဖွံ့ ဖြိုးရေးလုပ်ငန်းတာဝန်များ ကြိုးစားထမ်းဆောင်

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)ရပ်ကွက် စစ်တောင်းလမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကြီးကြပ်ရေးအဖွဲ့ဝင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာ ရရှိကြသည့် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများတက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ယနေ့သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့၊ ဒီပလိုမာ ရရှိလာကြပြီဖြစ်သည့် သင်တန်းသားများ အနေဖြင့် မကြာမီ မိမိတို့ ဇာတိရပ်ရွာဖြစ်သော နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း။

အလေ့အကျင့်ကောင်း

တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသော အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက်မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနေရပြီလည်း ဖြစ်ကြောင်း။

အမိဒီဂရီကောလိပ်ကျောင်းတော်ကြီး၏ ထူးခြားမွန်မြတ်သည့် ရည်မှန်းချက်များ၊ နိုင်ငံတော်က မိမိတို့အပေါ် မျှော်လင့်ထားသော မျှော်လင့်ချက်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် ကြိုးစားရမှာက ယနေ့ကျောင်းဆင်းကျောင်းသားတို့၏ တာဝန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)မှ ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယားတိုင်းရင်းသား မောင်အောင်ကျော်၊ သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ပင်းတယမြို့မှ ဓနုတိုင်းရင်းသား မောင်ကျော်နိုင်နှင့် အင်ဂျင်နီယာ ထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ခိုင်လင်းအောင်တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့ ၃၄ဦး၊ သိပ္ပံဘွဲ့ ၆၃ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၂၅ဦး စုစုပေါင်း ၁၂၂ဦးတို့ ဖြစ်ကြပြီး ယင်းတို့အနက် ကယားတိုင်းရင်းသား သုံးဦး၊ ကယန်းတိုင်းရင်းသား ခုနစ်ဦး၊ ကရင်တိုင်းရင်းသား ၁၅ဦး၊ ချင်းတိုင်းရင်းသား ၂၄ဦး၊ ခမီ တိုင်းရင်းသား နှစ်ဦး၊ နာဂတိုင်းရင်းသား ခုနစ်ဦး၊ ပအိုးဝ်တိုင်းရင်းသား နှစ်ဦး၊ မွန်တိုင်းရင်းသား ၁၃ဦး၊ ရှမ်းတိုင်းရင်းသား ၂၃ ဦး၊ ကချင်တိုင်းရင်းသား ငါးဦး၊ တောင်ရိုးတိုင်းရင်းသား တစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသား တစ်ဦး၊ ဓနုတိုင်းရင်းသား တစ်ဦး၊ ပလောင်တိုင်းရင်းသား ခြောက်ဦး၊ ရခိုင်တိုင်းရင်းသားခြောက်ဦး၊ ဝ တိုင်းရင်းသားတစ်ဦး၊ အာခါတိုင်းရင်းသားလေးဦးနှင့် အင်းသားတိုင်းရင်းသား တစ်ဦး စုစုပေါင်း ၁၂၂ဦးတို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)ဆင်းပွဲ အခမ်းအနားတွင် သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် ပင်းတယမြို့မှ ဓနုတိုင်းရင်းသား မောင်ကျော်နိုင်အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇)မှ ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယားတိုင်းရင်းသား မောင်အောင်ကျော်။
(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇)မှ သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ပင်းတယမြို့မှ ဓနုတိုင်းရင်းသား မောင်ကျော်နိုင်။
(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇)မှ အင်ဂျင်နီယာ ထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ခိုင်လင်းအောင်။
(သတင်းစဉ်)

HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက်များ မိတ်ဆက်ပြသ

ရန်ကုန် ဇွန် ၂၉

OK Myanmar Co., Ltd. ၏ HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက်ပုံစံအသစ်များ မိတ်ဆက်ပြသခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Tower, Cystal Jade ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် OK Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က OK Myanmar Co., Ltd. အနေဖြင့် ဒေဝူးအမှတ်တံဆိပ်နှင့် Sanyo အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများအပြင် HQ လျှပ်စစ်ပစ္စည်းများကိုပါ တိုးချဲ့ဖြန့်ဖြူးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ကုမ္ပဏီ၏ HQ အမှတ်တံဆိပ်အအေးခန်း Showcase များကို ပြည်သူများက ယုံကြည်လက်ခံသုံးစွဲလာသည့် အပေါ်အခြေခံ၍ အိမ်သုံးလျှပ်စစ်ပစ္စည်းအမယ်သစ်များ တိုးချဲ့ဖြန့်ဖြူးနေသည့် အခြေအနေများနှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများအပေါ် ကုမ္ပဏီ၏ ဝန်ဆောင်မှုအာမခံချက်များကို ရှင်းလင်းတင်ပြသည်။

စွမ်းဆောင်နိုင်မှု

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က ဈေးကွက်တွင် စတင် ဖြန့်ဖြူးမည့် HDMI စနစ် အဆင့်မြင့် DVD ပြစက်များ၏ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် တက်ရောက်လာသူများက ပြသထားသည့် HQ DVD ပြစက်များကို ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီဝန်ထမ်းများက ရှင်းလင်းပြသကြသည်။

လဲလှယ်တပ်ဆင်

DVD ပြစက်များသည် တောရောမြို့ပါ ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိပြီး နည်းပညာ တိုးတက်လာသည်နှင့်အမျှ သုံးစွဲနေသူများမှာလည်း ဖျော်ဖြေရေး ကဏ္ဍသာမက ကွန်ပျူတာများ၊ Digital Camera များနှင့် ဆက်စပ်သုံးစွဲနိုင်အောင် တိုးမြှင့် ထုတ်လုပ်လာကြောင်း၊ မိမိတို့အနေဖြင့် DVD ပြစက်များ တင်သွင်းဖြန့်ဖြူးရာတွင် လူတန်းစားအားလုံး ကျယ်ပြန့်စွာသုံးစွဲနိုင်ရေး အထူးအလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ ယခုဖြန့်ဖြူးမည့် HQ အမှတ်တံဆိပ် DVD ပြစက်များသည် HDMI စနစ်ပါရှိသည့်အတွက် ကြည်လင်ပြတ်သားမှု အားကောင်းသည့်အပြင် သဘာဝမြင်ကွင်းကြည့်နေရသည့်အတိုင်း ကြည့်ရှုခံစားနိုင်ကြောင်း၊ USB စနစ်ပါရှိသည့် အတွက် Computer, Camera တို့မှ Memory Strick များ ထည့်သွင်းကြည့်ရှုနိုင်ကြောင်း၊ ဗို့အား ၉၀မှ ၂၄၀အတွင်း အလုပ်လုပ်နိုင်သဖြင့် မီးအားကျပါကလည်း ကြည့်ရှုနိုင်ကြောင်းနှင့် နယ်များတွင် အသုံးပြုမည့် Model တွင် AC/DC စနစ် နှစ်မျိုးစလုံးပါရှိသဖြင့် လျှပ်စစ်မီးမရှိသည့် နေရာများတွင်လည်း ဘက်ထရီဖြင့် ကြည့်ရှုအသုံးပြုနိုင်ကြောင်း၊ Anti Shake စနစ်တပ်ဆင်ထားသဖြင့် ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ကြောင်း၊ မိတ်ဆက်ဖြန့်ဖြူးခြင်းဖြစ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးမည့်အပြင် အာမခံသက်တမ်း တစ်နှစ်အတွင်း ပျက်စီးချွတ်ယွင်းမှုရှိပါက မည်သည့်အခကြေးငွေမယူ ပစ္စည်းအသစ်လဲလှယ်တပ်ဆင်ပေးမည်ဖြစ်သည်။

OK Myanmar Co., Ltd. ၏ HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက်ပုံစံအသစ်များ မိတ်ဆက်ပြသခြင်းအခမ်းအနားတွင် OK Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

OK Myanmar Co., Ltd. ၏ HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက်ပုံစံအသစ်များကို တွေ့ရစဉ်။
(သတင်းစဉ်)

အထူးသက်သာ

OK Myanmar Co.,Ltd. အနေဖြင့် TV, DVD နှစ်မျိုးစလုံး ဝယ်ယူသုံးစွဲသူများအတွက် Daewoo အမျိုးအစား 21" Flat TV နှင့် HQ DVD ပြစက်များ ပူးတွဲ၍ အထူးသက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။

ဆက်သွယ်မေးမြန်း

အသေးစိတ် သိရှိလိုပါက OK Myanmar Co.,Ltd. ဒေဝူးအရောင်းပြခန်း ဖုန်း-၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇၊ ၃၇၇၆၂၇၊ HQ-1 ဖုန်း-၃၇၆၉၉၇၊ HQ-2 ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ ဒေဝူးအရောင်းပြခန်း (မန္တလေး) ဖုန်း-၀၂-၃၁၅၈၂၊ နေပြည်တော် ဒေဝူးအရောင်းပြခန်း ဖုန်း-၀၆၇-၄၂၀၈၁၃နှင့် Service Center ဖုန်း-၂၉၉၄၀၁၊ ၂၉၈၄၉၁ တို့သို့ ဆက်သွယ် မေးမြန်းနိုင်သည်။
(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် **H.E.Mr. Ikuzo SAKURAI** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် H.E.Mr. Ikuzo SAKURAI သည် ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Yasuaki Nogawa နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သွားရောက်တွေ့ဆုံ

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား မွန်းလွဲ ၁နာရီတွင် လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး ဧည့်ခန်းမ၌လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ညနေ ၃နာရီတွင် ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌လည်းကောင်း ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် H.E.Mr. Ikuzo SAKURAI သည် သွားရောက်တွေ့ဆုံသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဒက္ခိဏာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။

ထို့နောက် အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဗဟိုဦးစီးအဖွဲ့ဝင် ၂၃၄ဦးအနက် ၁၇၁ဦးတို့ တက်ရောက်ကြသည့်အတွက် ၇၄ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်းကို ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာရေးမှူး ရဲမှူးကြီး ခင်မောင်ထွန်း(အငြိမ်းစား)(ခင်မောင်ထွန်း-လမ်းမတော်)ကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ဗဟိုအမှုဆောင်ကော်မတီဝင် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးစည်းမျဉ်းကို ဗဟိုအမှုဆောင် ကော်မတီဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)ကဖတ်ကြားတင်ပြသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဗဟိုဦးစီးအဖွဲ့ဝင်များဖြစ်ကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်မှ ဦးလှသွင် (ကိုကိုလှ-တမာမြေ)၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ဦးဝင်းကြည်(ရွှေမြာလှဆွေ) တို့က အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေး မွန်းလွဲပိုင်း အစီအစဉ်ကို မွန်းလွဲ ၁နာရီခွဲတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်း

ရေးမှူး(၂) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆောင်ရွက်သည်။

ရှေးဦးစွာ ဘဏ္ဍာရေးရှင်းတမ်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ဆွေ(ဆွေနွယ်ဦး)ကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမင်းရွှေ (မင်းရွှေမင်း-တောင်ကုတ်)က လည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာကို အတည်ပြုနိုင်ရေးအတွက် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က အဆိုတင်သွင်း၍ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင် (ထက်သူအောင်)က ထောက်ခံ ဆွေးနွေးသည်။

ထို့အတူ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်သီတာမြင့်(မဟာသံချိ)က အဆိုတင်သွင်းပြီး မကွေးတိုင်း မကွေးမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းကြည် (ရွှေလမ်းငွေလမ်းဝင်းကြည်)က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရန်တို့အတွက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် မန်းတင့်မော် (ရွှေမြိုင်တင့်မော်)က အဆိုတင်သွင်းပြီး ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ ဗဟို ဦးစီးအဖွဲ့ဝင် ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)က ထောက်ခံဆွေးနွေးသည်။

အတည်ပြု

ထို့နောက် တွဲဖက် အတွင်းရေးမှူး(၃) ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) က ကွယ်လွန်သူ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန် အဆိုပြုတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးက အစည်းအဝေးမှ အတည်ပြုခြင်း (၂)ရပ်၊ ဆုံးဖြတ်ချက်(၃)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၅)ရပ်တို့ကို ချမှတ်နိုင်ရန်တင်ပြပြီး သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသူ ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒသဘောထားကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

အမှာစကားပြောကြား

ဆက်လက်၍ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ(တက္ကသိုလ်တင်ခ)က နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက ကွေးကြော်သံများ ကွေးကြော်ကြကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ယမန်နေ့က ကျင်းပသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် လေဘေးသင့် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအတွက် အလှူရှင် ၈၄ဦးတို့က ငွေကျပ် ၁၁၀၂၀၀၀ ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယမန်နေ့က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ သာရဝေကျေးရွာအုပ်စု ကုလားချောင်းကျေးရွာမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၁၁၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီးတင်ဟန်အား ရည်စူး၍ ဇနီးဒေါ်လွင်လွင်ဦး၊ သားဒေါက်တာအုပ်စိုးဟန်၊ သမီး မလွင်သီရိဟန်(စီးပွားရေး)၊ သားမောင်စိုးပြည့်ဟန်(အင်္ဂလိပ်စာ)တာမွေမြို့နယ်တို့က ငွေကျပ် ၃၀၀၀၀၊ ဦးရွှေသိမ်းနှင့် ဒေါ်သိန်းညွန့်စိန် မိသားစု ကမ္ဘာအေး မရမ်းကုန်းမြို့နယ်က ငွေကျပ် ၁၀၈၀၀၀၊Myanmar Embassy, Seoul, Korea မှတစ်ဆင့် လှူဒါန်းငွေအမေရိကန်ဒေါ်လာ၉၄၅၈၃ဒသမ၃၉၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မွတ်စလင် မိသားစုများ တောင်ကြီးမြို့က ငွေကျပ် ၃၀၀၀၀၀၊Ms.Xion Hengxi,Vice General Manager,Central China Power Grid, International Economic &Trade Co.,Ltd.က အက်ဖ်အီးစီး၈၀၀၀၀၊ United Nation (UNOCHA) မှ တစ်ဆင့်ပေးပို့လှူဒါန်းငွေအမေရိကန်ဒေါ်လာ ၅၀၀၀၀၊Embassy of the Union of Myanmar,Beijin, China မှ တစ်ဆင့် ပေးပို့လှူဒါန်းငွေယူရို ၂၉၀၇၅၇၃၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အွန်လိုင်းအာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်းသိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက် ၉နာရီ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၈ခုနှစ် ဇွန်လ အာဆီယံအကြောင်းသိကောင်းစရာများအတွက် On Line ASEAN ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန် ၂၈ရက် နံနက်ပိုင်းကကျင်းပရာ ဝါသနာရှင်များက On Line ASEAN မှတစ်ဆင့် ဆက်သွယ်ဖြေဆိုကြသည်။

ယင်းသို့ဖြေဆိုသူများအနက် ပထမဆုကို နေပြည်တော် ပျဉ်းမနားပေါင်းလောင်း(၃) ရပ်ကွက်နေ မသီတာဦး၊ ဒုတိယဆုကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်နေ မမြတ်မြတ်ထွန်း၊ တတိယဆုကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်နေ နော်ဆေးဒါးလ်အယ်လ်နှင့် နှစ်သိမ့်ဆုကို ဧရာဝတီတိုင်း ပုသိမ်မြို့နေ မောင်ဘုန်းမြင့်ပိုင်တို့က အသီးသီးရရှိကြသည်။ ရရှိသောဆုငွေများကို စာတိုက်မှ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

လစဉ်နောက်ဆုံးပတ် စနေနေ့တိုင်းတွင်ကျင်းပသော On Line ASEAN ဉာဏ်စမ်းပဟေဠိအစီအစဉ်အတွက် မေးခွန်းများကို ယင်းနေ့ နံနက် ၉နာရီ၄၅မိနစ်တွင် ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်၊ တိုင်းအသီးသီးမှ ဝါသနာရှင်များသည် အသက်အရွယ်၊ ပညာအရည်အချင်းကန့်သတ်ချက်မရှိဘဲ နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား On Line ASEAN ဉာဏ်စမ်းပဟေဠိအစီအစဉ်သို့ ပြိုင်ပွဲကျင်းပသည့် နံနက် ၁၀နာရီခွဲမှ ၁၁နာရီအတွင်း ဖုန်း-၀၆၇-၇၉၃၅၄ နှင့် ၀၆၇-၇၉၃၅၉ တို့သို့ ဆက်သွယ်ဖြေဆိုနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗဟန်း အမက(၂၄)၌ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသုံးပစ္စည်း ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အမှာစကားပြောကြားပြီး ချို့တဲ့နွမ်းပါးကလေးများအတွက် စုစုပေါင်းငွေကျပ် ၁၇၀၀၀၀တန်ဖိုးရှိ ပစ္စည်းများဖြစ်သည့် ဗလာစာအုပ်ဒါဇင် ၉၀၊ ခဲတံ၊ပေတံ၊ခဲတံချွန်စက်၊ လေးပေမီးချောင်းလေးချောင်း၊ ထီး ၁၂လက်၊ ကျောင်းဝတ်စုံ ၁၅စုံနှင့် အာဟာရအတွက် ငါးကြီးဆီတို့ကို အလှူရှင်များကိုယ်စား အရှေ့ရွှေဂုံတိုင်ရပ်ကွက် ဥက္ကဋ္ဌဦးကံသိန်းက ပေးအပ်လှူဒါန်းရာ အမက(၂၄) ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းက လက်ခံယူကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မုန်တိုင်းသင့်ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း

ဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

သတင်းဆောင်းပါး - သက်စံ
စာမျက်နှာပွဲ့စည်းမှု - ကျော့မောင်မောင်

ရန်ကုန် ဇွန် ၂၉

မေ ၂ရက်နှင့် ၃ရက်တွင် ကျရောက်ခဲ့သော မုန်တိုင်းကြောင့် ဧရာဝတီတိုင်း အဝေးဆက်ကြောင်းတာဝါတိုင်များဖြစ်သော ဖျာပုံတာဝါတိုင်၊ ဒေးဒရဲတာဝါတိုင်၊ လပွတ္တာတာဝါတိုင်၊ ဟိုင်းကြီးကျွန်းတာဝါတိုင်များ ကျိုးကျပျက်စီးသွားခဲ့သည်။ ဖျာပုံ-ရန်ကုန် ဆက်သွယ်ထားသည့် ဖိုင်ဘာလမ်းကြောင်းပျက်စီးခဲ့ပြီး အဆက်အသွယ်များ ပြတ်တောက်သွားခဲ့သည်။

ယင်းကဲ့သို့တာဝါတိုင်များ ကျိုးသွားခဲ့သဖြင့် ဖျာပုံ-ဘိုကလေး-ငပုတော-ဟိုင်းကြီး ဒီဂျစ်တယ်မိုက္ကရိုဆက်ကြောင်းများနှင့် ဒေးဒရဲ-ဖျာပုံ၊ ဖျာပုံ-ဘိုကလေး၊ ဘိုကလေး - မော်ကျွန်း အင်နာလော့ မိုက္ကရိုဆက်ကြောင်းများ ပြတ်တောက်ခဲ့ပြီး ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာမြို့နယ်တို့ရှိ အော်တိုအိတ်ချိန်းများ ရပ်ဝေးသို့ ခေါ်ဆိုမှု ရပ်ဆိုင်းသွားခဲ့ပါသည်။

အသုံးပြု

သို့ရာတွင် မေ ၁ရက်မှ စတင် စမ်းသပ်လျက်ရှိသော ပင်လယ်ပြင်ကမ်းနီးကမ်းဝေးစနစ်သုံး Vehicle Mounted CDMA450 စနစ်သုံး မိုဘိုင်းလ်တယ်လီဖုန်းများကြောင့် နာရီပိုင်းအတွင်း ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အဖွဲ့အားလုံးသို့လည်း ယင်းဖုန်းများကို မေ၃ရက်မှ စတင် ဖြန့်ဝေအသုံးပြုလျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဆက်သွယ်မှုစနစ်အမြန်ကောင်းမွန်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်း Vehicle Mounted CDMA450 စခန်းသစ်များကို ဘိုကလေး၊ မြောင်းမြ၊ ငပုတော သုံးနေရာတွင် အရေးပေါ်ဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ

ဇွန် ၃ရက်က မော်လမြိုင်ကျွန်းမြို့ မိုက္ကရိုဝေ့(ဗ်) အဆောက်အအုံနှင့် တာဝါတိုင်များ ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

အထောက်အကူဖြစ်စေရန်အတွက် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်ဆင်ပေးခဲ့ပါသည်။ Vehicle Mounted CDMA450 ဆက်သွယ်မှု မရရှိနိုင်သော ဧရိယာများတွင် အရေးပေါ် ဆက်သွယ်ရေးအတွက် လက်ကိုင်ဂြိုဟ်တုဖုန်းများ၊ MPT Satellite Terminal များဖြင့် ဆက်သွယ်မှုရရှိစေရန် တပ်ဆင် ဆောင်ရွက်ပေးခဲ့ပါသည်။

ချိတ်ဆက်

ရန်ကုန်-မန္တလေး ဆက်ကြောင်းပေါ်ရှိ ဟင်္သာတ၊ ဇလွန်၊ အင်္ဂပူ၊ သာယာဝတီနှင့် တိုက်ကြီးမြို့တို့ကို ပြည်မြို့မှတစ်ဆင့် တပ်မတော်ဖိုင်ဘာ ဆက်ကြောင်းဖြင့် ချိတ်ဆက်၍ အဆက်အသွယ်မပြတ်တောက်အောင် ဆောင်ရွက်ပေးခဲ့သည်။ မေ ၄ ရက်တွင် ရန်ကုန်-ပုသိမ် ၇၉(ကွမ်းခြံကုန်း) ဆက်ကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲပတ်ဝန်းကျင်ဒေသအနှံ့ အဆက်အသွယ် ပြန်လည်ကောင်းမွန်စေခဲ့ပါသည်။ မေ ၅ ရက်တွင် မရမ်းကုန်း - ထောက်ကြန့် - မင်္ဂလာဒုံ ဖိုင်ဘာဆက်ကြောင်းနှင့် ထောက်ကြန့်-တိုက်ကြီးမိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း ပြုပြင်ပြန်လည်ကောင်းမွန်၍ ရန်ကုန်-မန္တလေး မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း ပုံမှန်အဆက်အသွယ်ရရှိခဲ့ပါသည်။ မေ ၆ရက်တွင် ဗဟန်း-သန်လျင် ဖိုင်ဘာဆက်ကြောင်း ပြန်လည် ကောင်းမွန်အောင် ပြုပြင်၍ သန်လျင်မြို့ အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပါသည်။ မေ ၆ရက်တွင် သန်လျင်-ခရမ်း-သုံးခွ မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း ပြန်လည်ပြုပြင်ပြီးစီး၍ အဆိုပါ မြို့များ အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပြီး ခရမ်းမြို့၌ Vehicle Mounted CDMA 450 အား ဖွင့်လှစ်အသုံးပြုနိုင်ပြီး အနီးပတ်ဝန်းကျင်အားလုံး အဆက်အသွယ်ရရှိစေခဲ့သည်။

ဖွင့်လှစ်ခဲ့

ကျုံမငေး-ဘိုကလေး Digital မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်းသစ်ကို မေ ၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဘိုကလေးမြို့၌ Vehicle Mounted CDMA 450 ဖွင့်လှစ်အသုံးပြုနိုင်၍ ဘိုကလေး-မော်လမြိုင်ကျွန်း ပတ်ဝန်းကျင် ဒေသတစ်လျှောက် အဆက်အသွယ်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မေ ၁၃ ရက်တွင် ပုသိမ်-ငပုတော-လပွတ္တာ-ဟိုင်းကြီး မိုက္ကရိုဝေ့(ဗ်) ဆက်ကြောင်းပေါ်ရှိ လပွတ္တာ (၆၂)မီတာ တာဝါကျိုးကျပျက်စီးခဲ့၍ အဆက်အသွယ် ပြတ်တောက်နေမှုအား ပြန်လည်ဆက်သွယ်မှုရရှိစေရန် ပုသိမ်-ငပုတော-ဟိုင်းကြီး တိုက်ရိုက် မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဟိုင်းကြီးကျွန်းမြို့၌ Vehicle Mounted CDMA 450 အား အသုံးပြု၍ အနီးပတ်ဝန်းကျင်တစ်ဝိုက် အဆက်အသွယ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြုပြင်ကောင်းမွန်

မေ ၁၆ ရက်တွင် ရန်ကုန်-တွံတေး မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း ပြုပြင်ပေးခဲ့၍ တွံတေးမြို့အား အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပါသည်။ လှည်းကူး-အင်းတိုင် ဖိုင်ဘာဆက်ကြောင်း ပြုပြင်ကောင်းမွန်၍ အဆိုပါမြို့များ အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပါသည်။

အဆက်အသွယ်ပြတ်တောက်နေသော လပွတ္တာမြို့နှင့်အနီး ပတ်ဝန်းကျင်တစ်ဝိုက် အဆက်အသွယ် ကောင်းမွန်ရေးအတွက် မေ ၁၇ ရက်တွင် လပွတ္တာ-ဟိုင်းကြီးကျွန်း ဆက်ကြောင်းကို လပွတ္တာမြို့ရှိ ပြန်ကြားရေး ဝန်ကြီးဌာန၏ တာဝါတိုင်အားအသုံးပြု၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ လပွတ္တာ - ဟိုင်းကြီး - ငပုတော - ပုသိမ် ဆက်ကြောင်းမှ တစ်ဆင့် Vehicle Mounted CDMA 450 ဖွင့်လှစ်အသုံးပြုပြီး လပွတ္တာမြို့နှင့် အနီးပတ်ဝန်းကျင် ဒေသများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အသစ်စိုက်ထူ

ဧရာဝတီတိုင်းအတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်အားလုံး တိုင်အသစ်စိုက်ထူပြီးစီးခဲ့ပြီး ယိုင်လဲနေသော တိုင်များမတ်ထူခြင်း၊ ကေဘယ်လ်များ အစားထိုးလဲလှယ်ခြင်း ၁၀၀ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခဲ့ရာ ယနေ့အထိ တယ်လီဖုန်းလိုင်း ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်ဆက်သွယ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထုတ်ပေးပြီး

အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များသို့ Vehicle Mounted CDMA 450 တယ်လီဖုန်း စုစုပေါင်း အလုံး ၃၄၇၀ ထုတ်ပေးထားပြီး ဖြစ်ပါသည်။

ထို့ပြင် မုန်တိုင်းကျရောက်ပြီးသည့်နောက် ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားရေးလုပ်ငန်းကိစ္စများ အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာ ၃၆၀တွင် ပီစီအိုဖုန်းများတပ်ဆင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

ပုသိမ်မြို့နယ်တွင် ကျေးရွာ ၁၈ရွာ၊ ကန်ကြီးထောင့်မြို့နယ်တွင် ကျေးရွာ ၂၁ ရွာ၊ သာပေါင်းမြို့နယ်တွင် ကျေးရွာ၁၉ရွာ၊ ပန်းတနော်မြို့နယ်တွင် ကျေးရွာ ၁၁ရွာ၊ ညောင်တုန်းမြို့နယ်တွင် ကျေးရွာ၂၁ရွာ၊ ဓနုဖြူမြို့နယ်တွင် ကျေးရွာကိုးရွာ၊ ဖျာပုံမြို့နယ်တွင် ကျေးရွာ၃၀၊ ဘိုကလေးမြို့နယ်တွင် ကျေးရွာ၂၃ရွာ၊ ကျိုက်လတ်မြို့နယ်တွင် ကျေးရွာသုံးရွာတို့၌ ပီစီအိုဖုန်းများ တပ်ဆင်ထားပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကျရောက်မှုမတိုင်မီ အော်တိုတယ်လီဖုန်းအိတ်ချိန်း ၂၂ခု၊ အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၂၅၂၄၀၊ ဂျီအက်စ်အမ်မိုဘိုင်းလ်စတေရှင် သုံးခု၊ ဂျီအက်စ်အမ်မိုဘိုင်းလ်လိုင်းပေါင်း ၂၅၀၀၀၊ အော်တိုရေဒီယိုစခန်းနှစ်ခု၊ စီအမ်အေမိုဘိုင်းလ်စခန်း ခြောက်ခု၊ စီဒီအမ်အေလိုင်းပေါင်း ၁၈၀၀၀ တပ်ဆင်ထားရှိပြီး ပြည်တွင်းပြည်ပ ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၄ရက်က ဖျာပုံမြို့၌ CDMA တာဝါတိုင် ပြန်လည်တပ်ဆင်ထားစဉ်။

စတင်ဆောင်ရွက်

ထို့ပြင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ကျယ်ပြန့်သော မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက် မှီတင်းနေထိုင်လျက်ရှိသော ပြည်သူများနှင့် စီးပွားရေးဆောင်ရွက်နေသော ပင်လယ်ပြင်စီးပွားရေးလုပ်ငန်းများအတွက် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးတို့တွင် လွယ်ကူချောမွေ့စွာ ဆက်သွယ်မှုရရှိနိုင်ရန်အတွက် Vehicle Mounted CDMA 450 ဆက်သွယ်မှု စနစ်ကို ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

ယင်းစနစ်သည် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် မြို့နယ်ပေါင်း ၄၈နေရာ၌ လိုင်းအင်အား ၇၁၅၀၀ကို တပ်ဆင်မည် ဖြစ်ပါသည်။ ပထမအဆင့်လိုင်းအင်အား ၅၇၀၀၀ကို မေ ၁ရက်တွင် စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းမှ ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ ကျုံမငေး၊ ကျောင်းကုန်း၊ ရေကြည်၊ ဟင်္သာတ၊ ဟိုင်းကြီး၊ ငွေဆောင်တို့တွင် လိုင်းအင်အား ၂၀၀၀၀ခန့် ဖွင့်လှစ် စမ်းသပ်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီတိုင်း အတွင်း၌ ဖိုင်ဘာဆက်ကြောင်းများအနေဖြင့် ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ မဲဇလီ၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ငွေဆောင်၊ ချောင်းသာ၊ မြန်အောင်၊ ကြံခင်း၊ ရေကြည်၊ ကျုံပျော်၊ ဟင်္သာတစသော အဝေးဖိုင်ဘာဆက်ကြောင်းကြီးများကို တည်ဆောက်ထားပြီးဖြစ်ပါသည်။

မေ၃ရက်က မောင်ထော်လေးနယ်မြေတွင် တယ်လီဖုန်းတိုင်နှင့် ကေဘယ်လ်များ ပြုပြင်နေသည်ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းတွင် ယင်းဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းများ အပြင် ဒီဂျစ်တယ်မိုက္ကရိုဆက်ကြောင်းများ အဖြစ် မအူပင်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်-ငပုတော-လပွတ္တာ-ဟိုင်းကြီး-ကျုံမငေး-ဖျာပုံ-ဘိုကလေး-ဓနုဖြူ-ဟင်္သာတ-ဇလွန်-အင်္ဂပူ-သာယာဝတီ-ကြံခင်း-ဓနိကုန်းဆက် ကြောင်းများကို ချိတ်ဆက်ပြီး ပြည်တွင်းပြည်ပ ဆက်သွယ်လျက်ရှိပေသည်။

ထို့ပြင်ဧရာဝတီတိုင်းအတွင်း အခြားဆက်ကြောင်းများအဖြစ် ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ပုသိမ်-ကန်ကြီးထောင့်-ရေကြည်-ဟင်္သာတ-သာပေါင်းဆက်ကြောင်းဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပေသည်။

ဆက်ကြောင်း

ထိုသို့ ဧရာဝတီတိုင်းအတွင်း ဖိုင်ဘာဆက်ကြောင်း၊ မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း၊ အခြားဆက်သွယ်မှု ဆက်ကြောင်းများ အသုံးပြုပြီး နေရာအနှံ့မှ အော်တိုလိုင်း ၂၅၂၄၀၊ ဂျီအက်စ်အမ် မိုဘိုင်းလ်လိုင်း ၁၈၀၀၀၊ Vehicle Mounted CDMA 450 လိုင်း ၂၀၀၀၀ တို့ဖြင့် ပြည်တွင်းပြည်ပသို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မုန်တိုင်းသင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဆက်သွယ်မှုကောင်းမွန်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပြီး မုန်တိုင်းမတိုင်မီ ကာလကထက် ဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

မေ ၂၀ရက်က Overhead Fiber Cable တိုင်များ ပြုပြင်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

ဇွန် ၁၃ရက်က မော်လမြိုင်ကျွန်းမြို့ မြို့တွင်းကေဘယ်လ်ကွန်ကရစ်တိုင် အစားထိုးစိုက်ထူပြီး၍ ကေဘယ်လ်များ ပြန်လည်သွယ်တန်းပြီးဖြစ်နေသည်ကို တွေ့ရစဉ်။

30-6 (11).pmd 1 6/30/2008, 1:05 AM

အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲ

သတင်းမြင်ကွင်း- မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဇွန် ၂၉

စာအုပ်စာပေဆိုတာ ဘဝရဲ့ မီးရှူးတန်ဆောင်တွေပါပဲ။ ဘဝခရီးတစ်လျှောက်မှာ အကောင်းအဆိုးတွေကို တည့်မတ်ပေးနိုင်တဲ့ အဖိုးမဖြတ်နိုင်ဆုံး ရတနာတွေဖြစ်ပါတယ်။ အဲဒီလိုတန်ဖိုးမြင့်မားတဲ့ စာအုပ်တွေကို ခင်းကျင်းပြသရောင်းချတဲ့"အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲတော်"ကို လေ့လာရေး တစ်ခေါက် ရောက်ခဲ့ပါတယ်။

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာ ရှိတဲ့ လောကနတ်ခန်းမမှာ ဇွန် ၂၈ရက်မှ ဇူလိုင် ၄ရက်အထိ ခင်းကျင်းရောင်းချနေတဲ့ စာအုပ်ဈေးပွဲတော်ကို ရောက်တယ်ဆိုရင်ပဲ အမျိုးသမီးစာအုပ်ထုတ်ဝေသူများရဲ့ စာအုပ်တိုက်မျိုးစုံက စာအုပ်တွေ ခင်းကျင်း ပြသထားသလို လာရောက်လေ့လာကြည့်ရှုသူတွေ၊ ဝယ်ယူသူတွေနဲ့ စည်စည်ကားကား မြင်တွေ့ရပါတယ်။

အမျိုးသမီးစာအုပ်ထုတ်ဝေသူချည်း စုစည်းပြီး စာအုပ်ဈေးရောင်းပွဲတော် ကျင်းပတာနဲ့ပတ်သက်ပြီး ကံ့ကော်ဝတ်ရည် စာပေတိုက်က ထုတ်ဝေသူဖြစ်တဲ့ မပိုင်းပိုင်းက"**အမျိုးသမီးစာအုပ်ထုတ်ဝေသူတွေ စုပေါင်းပြီး စာအုပ်**

အမျိုးသမီးထုတ်ဝေသူများရဲ့ စာအုပ်ဈေးရောင်းပွဲတော်တွေ ဆက်လက်ကျင်းပဖြစ်သွားမှာပါ။
မပိုင်းပိုင်း
ကံ့ကော်ဝတ်ရည်စာပေတိုက်။

ဈေးရောင်းပွဲတော်လုပ်ဖို့ စိတ်ကူးရတာနဲ့ အကောင်အထည်ဖော်ဖြစ်တာပါ။ ဒါက ပထမဦးဆုံး အကြိမ်လဲ ဖြစ်ပါတယ်။ ဒီစာအုပ်ဈေးပွဲတော် လုပ်ဖြစ်တော့ အမျိုးသမီးစာအုပ်ထုတ်ဝေသူ အချင်းချင်း အရင်ကထက် စုစည်းမှု ပိုရပြီး အကြံကောင်း၊ ဉာဏ်ကောင်းတွေ ပိုရတယ်။ နောက်ပြီး စာဖတ်သူနဲ့ ထုတ်ဝေသူတွေ တိုက်ရိုက်တွေ့ဆုံခွင့်ရတယ်။ ဒီတော့ စာဖတ်သူတွေရဲ့ သဘောထားကို သိရတယ်။ နောက်ဆိုရင် အမျိုးသမီးထုတ်ဝေသူများရဲ့ စာအုပ်ဈေးရောင်းပွဲတော်တွေ ဆက်လက်ကျင်းပ ဖြစ်သွားမှာပါ"လို့ ရှင်းပြပါတယ်။

ကံ့ကော်ဝတ်ရည် စာပေတိုက်က ရောင်းချနေတဲ့စာအုပ်တွေကို လေ့လာကြည့်တဲ့အခါ သုတ၊ ရသစာအုပ်တွေ အများဆုံးတွေ့ရပြီး စာရေးဆရာကြီးတွေဖြစ်တဲ့ ဇဝန၊ မန်းတင်၊ တက္ကသိုလ်ဘုန်းနိုင်တို့ရဲ့ စာအုပ်တွေအပြင် စာအုပ်အမျိုး

စာဖတ်သူတွေလက်ထဲ တိုက်ရိုက် ရောင်းချပေးနိုင်တာမို့ ကျေနပ်ရပါတယ်။
ဒေါ်နီနီအောင်
ရန်အောင်စာပေစာအုပ်ဆိုင်။

ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာပါ။
မဝင်းမာတင်
ဇွန်ပွင့်စာအုပ်တိုက်။

အစား ၁၀၀ကျော်ကို ခင်းကျင်းပြသထားပြီး ဝယ်ယူသူတွေကို ၁၅ရာခိုင်နှုန်း၊ ၂၀ရာခိုင်နှုန်းနဲ့ ၃၀ရာခိုင်နှုန်း အထိ

စာကြည့်တိုက်တွေအတွက် အထူးအစီအစဉ်နဲ့ ရောင်းချပေးသွားမယ်။
ဒေါ်ခိုင်ခိုင်ဦး
ပုဂံစာအုပ်တိုက်။

လျှော့ဈေးနဲ့ ရောင်းချပေးနေတာ တွေ့ရပါတယ်။

နောက်ထပ် စာအုပ်ရောင်းချတဲ့ စာပေတိုက်တစ်ခုကတော့ ပြုံးစာပေတိုက်ပဲ ဖြစ်ပါတယ်။ ပြုံးစာပေတိုက်ရဲ့ ထုတ်ဝေသူ ဒေါ်ပြုံးကတော့"**စာအုပ်ရောင်းရာသီတိုင်းမှာ မြန်မာစာပေနဲ့စာနယ်ဇင်းအဖွဲ့က စာအုပ်ရောင်းပွဲတော်တိုင်း ပါဝင်ပြသ**

ရောင်းချခဲ့ဖူးပါတယ်။ အခု စာအုပ်ရောင်းပွဲတော်မှာတော့ ပြန်လည်ဆန်းသစ်ထားတဲ့ ဂန္ထဝင်စာအုပ်တွေနဲ့ ရသစာအုပ်တွေကို သက်သာတဲ့နှုန်းနဲ့ ရောင်းပေးနေပါတယ်။ စာအုပ်တိုင်းကို ၂၀ရာခိုင်နှုန်းလျှော့ဈေးနဲ့ ရောင်းချပေးနေတာမို့ စာဖတ်သူတွေ သက်သာတဲ့နှုန်းနဲ့ ဝယ်ယူဖတ်ရှုနိုင်မှာဖြစ်ပါတယ်"လို့ ရှင်းပြပါတယ်။

ပြုံးစာပေတိုက်က ခင်းကျင်းပြသထားတဲ့ စာအုပ်တွေကို လေ့လာတဲ့အခါ မြသန်းတင့်ရဲ့ ထားကျမလင်၊ သော်တာဆွေရဲ့ ပုဂံသူရဲကောင်းများ၊ မင်းကျော်ရဲ့ ပုဂံသားစတဲ့ စာအုပ်တွေအပြင် ရှေးခေတ် စာရေးဆရာကြီးတွေရဲ့ သုတစာအုပ်တွေလည်း တွေ့ရပါတယ်။ စာအုပ်အမျိုးအစားပေါင်းက ၂၀ကျော်လောက်ရှိတာ တွေ့ရပါတယ်။

စာအုပ်ဈေးပွဲတော်အတွင်း လိုက်လံလေ့လာတဲ့အခါ ရန်အောင်စာပေစာအုပ်ဆိုင်မှာ စာအုပ်တွေ ရောင်းချနေတဲ့ ရန်အောင်စာပေရဲ့ထုတ်ဝေသူလည်းဖြစ်ပြီး စာရေးဆရာကြီးရန်အောင်ရဲ့ သမီးလည်းဖြစ်တဲ့ ဒေါ်နီနီအောင်က "**အမျိုးသမီးစာအုပ်ထုတ်ဝေသူတွေ စုပေါင်းပြီး ပထမဆုံးအကြိမ် စာအုပ်ရောင်းပွဲတော် ကျင်းပဖြစ်သွားတာဟာ နောက်ပိုင်းမှာဆက်တိုက် အခုလို စာအုပ်ဈေးပွဲတော် ပြုလုပ်သွားဖို့ အစပျိုးလိုက်တာပါပဲ။ စာအုပ်တွေကို ၂၀ရာခိုင်နှုန်း လျှော့ဈေးနဲ့ရောင်းချပေးသွားမှာပါ။ စာဖတ်သူတွေလက်ထဲ တိုက်ရိုက်ရောင်းချပေးနိုင်တာမို့ ကျေနပ်ရပါတယ်**"လို့ ပြောပြပါတယ်။

ရန်အောင်စာပေက ရောင်းချပေးနေတဲ့ စာအုပ်တွေကို လေ့လာတဲ့အခါ

စာဖတ်သူတွေ သက်သာတဲ့နှုန်းနဲ့ ဝယ်ယူဖတ်ရှုနိုင်မှာပါ။
ဒေါ်ပြုံး
ပြုံးစာပေတိုက်။

စာရေးဆရာ စိန်လွင်လေးရဲ့ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်၊ နတ်သျှင်နောင်နဲ့ ဓာတုကလျာ၊ စာရေးဆရာကြီး ရန်အောင်ရဲ့စာအုပ်တွေအပြင် စာရေးဆရာမျိုးစုံရဲ့ စာအုပ်တွေ မြင်တွေ့ခဲ့ရပါတယ်။

ပုဂံစာအုပ်တိုက်က ထုတ်ဝေတဲ့ စာအုပ်တွေ ရောင်းချပေးနေတဲ့ဘက်ကို ရောက်တဲ့အခါ ပုဂံစာအုပ်တိုက် ထုတ်ဝေ

စာပေဝါသနာရှင်တွေအတွက် အခွင့်အလမ်းကောင်းတစ်ခုပါပဲ။
စာရေးဆရာချစ်ဦးညို။

သူဖြစ်တဲ့ ဒေါ်ခိုင်ခိုင်ဦးက "**စာအုပ်တွေကို ၂၀ရာခိုင်နှုန်း လျှော့ရောင်းပေးနေတယ်လို့ပြောကြားပြီး စာကြည့်တိုက်တွေအတွက် အထူးအစီအစဉ်နဲ့ ရောင်းချပေးသွားမယ်**"လို့ ဆိုပါတယ်။ အရင်ပုဂံမောင်ကိုဦးလက်ထက်က စာအုပ်အမှတ်စဉ်၂၅၅အထိ ထုတ်ဝေခဲ့ပြီး အခုဆိုရင် စာအုပ်အမျိုးအစားပေါင်း ၃၆၄မျိုးအထိ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ စာရေးဆရာအစုံ၊ အကြောင်းအရာစုံ စာအုပ်တွေကို ခင်းကျင်းပြသထားပြီး ဝယ်ယူသူ၊ လေ့လာနေသူတွေကို မြင်တွေ့ခဲ့ရပါတယ်။

မျိုးဆက်သစ်စာပေက ထုတ်ဝေတဲ့ စာအုပ်တွေကို လေ့လာတဲ့အခါ သုတ ရသ၊ ဘာသာရေး၊ ကျန်းမာရေး၊ ဘာသာပြန် စတဲ့ စာအုပ်မျိုးစုံရောင်းချနေတာ တွေ့ရပါတယ်။ စာအုပ်အမျိုးအစားပေါင်း၃၀၀ကျော်ကို ၂၅ရာခိုင်နှုန်း လျှော့ဈေးနဲ့ ရောင်းချပေးနေတာမို့ စာဖတ်သူတွေနဲ့ စာပေဝါသနာရှင်တွေ ဝယ်ယူနေကြတာ တွေ့ရပါတယ်။

ဇွန်ပွင့်စာအုပ်တိုက် အရောင်းဆိုင်ဘက်ရောက်တဲ့အခါ ထုတ်ဝေသူ မဝင်းမာတင်က"**သုတ ရသ၊ ပညာပေးစတဲ့ စာအုပ်အမျိုးအစားပေါင်း ၇၂မျိုးကို ၁၅ ရာခိုင်နှုန်း လျှော့ဈေးနဲ့ ရောင်းချနေပြီး ပရိသတ်တွေလက်ထဲ ဈေးနှုန်းသက်သာစွာနဲ့ ရောက်အောင် ဆောင်ရွက်ပေးတာပါ။ ဒီလိုစာအုပ်ပွဲတော်မျိုး မကြာခဏ ပြုလုပ်သွားမှာဖြစ်ပါတယ်**"လို့ ပြောကြားပါတယ်။

စာအုပ်ဈေးရောင်းပွဲတော်မှာ စာအုပ်တွေလာရောက်လေ့လာနေတဲ့ စာရေးဆရာ ချစ်ဦးညိုနဲ့ တွေ့ဆုံ မေးမြန်းတဲ့အခါ "**ဒီလိုစာအုပ်ရောင်းပွဲတွေ ခဏခဏ လုပ်သင့်တယ်။ တစ်နေရာတည်းမှာ စာအုပ်တိုက်တွေ တစုတဝေးတည်း စာအုပ်ပွဲတော် လုပ်တာ စာဖတ်သူ၊ စာပေဝါသနာရှင်တွေအတွက် အခွင့်အလမ်းကောင်း တစ်ခုပါပဲ။ ကိုယ်ဖတ်ချင်တဲ့ စာအုပ်တွေ ဒီလိုစာအုပ်ပွဲတော်မှာ ရွေးချယ်ဝယ်ယူနိုင်တဲ့ အခွင့်အရေးလဲရတာမို့ ကြိုဆိုရမှာဖြစ်ပါတယ်**"လို့ ပြောကြားသွားပါတယ်။

အခုပြုလုပ်တဲ့ အမျိုးသမီး ထုတ်ဝေသူများရဲ့ စာအုပ်ဈေးရောင်းပွဲတော်မှာ စာပေတိုက်တွေဖြစ်တဲ့ ကံ့ကော်ဝတ်ရည်၊ ပြုံးစာပေ၊ ရန်အောင်စာပေ၊ ဇွန်ပွင့်စာပေ၊ မျိုးဆက်သစ်စာပေ၊ ပုဂံစာအုပ်တိုက်၊ နေရီရီစာအုပ်တိုက်တွေက ထုတ်ဝေတဲ့ စာအုပ်တွေကို ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူအားပေးနိုင်ကြတာမို့ စာပေဝါသနာရှင်တွေအတွက် ဝမ်းသာစရာ သတင်းကောင်းပါးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အမျိုးသမီးထုတ်ဝေသူများ ခင်းကျင်းပြသထားသော စာအုပ်မျိုးစုံကို တွေ့ရစဉ်။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် တက္ကသိုလ်စာတိုက် ပြည်လမ်းနေ ဦးမိုးမြင့်၊ ဒေါက်တာဥမ္မာမိုးမြင့် Myint & Associates Co.,Ltd. ကိုယ်စား ဒေါ်လှဲ့လှဲ့ဝင်းက ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၆ရက်က အထက(၂) ကျောင်းခန်းမတွင်ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင် ဖတ်ကြားစဉ်။ (၁၇၀)

ဥတုရာသီ တောကိုမှီ၏။

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ၂၀၀၈ခုနှစ် မိတ်ဆုံဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ကျောင်းသားဟောင်းနှင့် မျိုးဆက်သစ်နှစ်ပတ်လည် မိတ်ဆုံပွဲနှင့် သဘာဝဘေးအန္တရာယ်ခံစားရသူများကို ပံ့ပိုးကူညီခဲ့သော အလှူရှင်များအား ဂုဏ်ပြုပွဲကို ရန်ကုန်တက္ကသိုလ်နယ်မြေ တောင်ငူဆောင် (မြေညီထပ်)ရှိ မြန်မာစာခန်းမ၌ ယနေ့မွန်းလွဲ ၁နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာ ပိုင်စိုးနှင့် အမှုဆောင်များ၊ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း မျိုးဆက်သစ်အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ ကွယ်လွန်သူ ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဦးချစ်ကိုကိုနှင့် လေဘေးတွင် ကွယ်လွန်ခဲ့သူများအား တစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သခြင်း၊ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က မိတ်ဆုံဂုဏ်ပြုပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခ ဒေါက်တာပိုင်စိုးက ဂုဏ်ပြုစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် သိပ္ပံမှူးတင်က ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများကို ဒေါက်တာပိုင်စိုးက ပေးအပ်ကာ ကျောင်းသားဟောင်း မျိုးဆက်သစ်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ကိုသက်လွင်တိုးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

တိပိဋကကျောင်းတော် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၉

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တီ=နီ ရန်ကုန်ဌာန တိပိဋက ကျောင်းတော် အမှတ်-၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၂၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျင်းပမည်ဖြစ်ရာ (ဝါဆိုလပြည့်ကျော် ၃ရက်) ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တီ=နီအဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊ စေတနာရှင်၊ အလှူရှင်များ ကြွရောက် လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈ နှင့် ၂၂၂၂၇၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောက်မဲမြို့နယ် တပ်နယ်ပေါင်းစုံ ဘောလုံးပြိုင်

ကျောက်မဲ ဇွန် ၂၉

တပ်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ရက်က ကျောက်မဲမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးချုပ် စံမြင့်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ပြိုင်ပွဲကျင်းပရေး ကော်မတီမှ ဒုတိယဗိုလ်မှူးကြီး ထွန်းနိုင်ဝင်းက ဘောလုံးကန်၍ ဖွင့်လှစ်ပေးပြီး ကျောက်မဲတပ်နယ် ဌာနချုပ်အသင်းနှင့် နမ့်လန်တပ်နယ် တပ်ရင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ကျောက်မဲ၊ နောင်ချို၊ သီပေါ၊ နမ့်လန်တပ်နယ်များမှ တပ်ရင်း/တပ်ဖွဲ့အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ကြဲ့နိုင်ဖွံ့ဖြိုးရေး)**

ကျောက်တံတား၊ ပန်းဘဲတန်းနှင့် လသာ သုံးမြို့နယ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၉

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်းနှင့် လသာ သုံးမြို့နယ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (ဓမ္မစကြာအခါတော်နေ့) မွန်းလွဲ ၁နာရီတွင် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီး ၁၇ပါး၊ တိုင်းသံဃနာယကအဖွဲ့မှ နှစ်ပါး၊ သီတဂူဆရာတော် အပါအဝင် ပင့်သံဃာ ၂၁ပါးနှင့် စာသင်တိုက်တွင် ဝါကပ်တော်မူကြကုန်သည့် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသည့် အရှင်သူမြတ် အပါး ၁၁၀၊ စုစုပေါင်း အပါး ၁၅၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် မိမိတို့လှူဒါန်းထားသော ဝါဆိုသင်္ကန်းများကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းရန်နှင့် သာဓုအနုမောဒနာပြုကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များ စားသုံးခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်ပါ၍-

ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- **ကလိုရင်းဆေးခတ်ထားသောရေ (သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊**
- **သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊**
- **ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊**
- **ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊**
- **အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊**
- **အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ကြရန်၊**

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၂၅) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၅)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ မိမိကိုယ်မိမိ ဝေဖန်ခြင်း(၁) 'တိုးတိုးလေးလောက်နှင့် စကြရအောင်' အယ်ဒီတာ့ဒိုင်ယာရီ၊ 'ဒီရေတောတွေသာ ယခုထက် ပိုမိုရှိခဲ့မယ်ဆိုရင် ဒီလောက်ထိလည်း အသေအပျောက်များမှာ မဟုတ်ဘူး' သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးအုန်းနှင့်တွေ့ဆုံခြင်း အင်တာဗျူး ဆောင်းပါးနှင့်အတူ အသံတုဝိဇ္ဇာ ဦးရဲမြင့်လေးက ခန္ဓာကိုယ်အတွင်း လျှပ်စစ်စီးဝင်စေကာ မီးပြန်လည်ထွန်းပြနိုင်၊ ဧရာဝတီတိုင်းအတွင်း ကျန်ရစ်သော ဒီရေတောများကို လူသားတို့အကျိုးအတွက် ထပ်မံအသုံးချနေမည်ဆိုပါက 'ဂေဟ'စနစ်ပျက်စီးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်၊ နာဂစ်အလွန် ရွှေ့ပြောင်းလုပ်သားများရှိလာနိုင်သဖြင့် စနစ်တကျ စောင့်ကြည့်၍ အကူအညီပေးရန်လိုအပ်၊ အောင်ဘာလေထီ သိန်း၁၀၀၀ဆုကြီး မတိုးပါ၊ လတ်တလောတွင် အိမ်ရာရောင်းဝယ်တည်ဆောက်ရေးလုပ်ငန်းအချို့ ကျဆင်းလျက်ရှိ၊ လပွတ္တာတွင် အိမ်ငှားဈေးနှုန်းများမြင့်တက်လာ၊ စင်ကာပူတွင် ပညာသင်ကြားရင်း အလုပ်လုပ်နိုင်သော ဟိုတယ်နှင့်ခရီးသွားလာရေး ဒီပလိုမာ ဘာသာရပ်သင်ယူနိုင်၊ မုန်တိုင်းကြောင့် ကျဆင်းခဲ့သောခရီးသွားလုပ်ငန်း ပြန်လည်မြင့်တင်ရေး အရေးပေါ်စီစဉ်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့် အတူ အကျင့်စာရိတ္တကို တောင်းဆိုခြင်း (၂)၊ ထိုင်းနှင့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားပြဿနာ စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်တို့ကြောင့် ထိတ်လန့်တုန်လှုပ်စရာပျက်စီးမှုကြီး ဖြစ်ပေါ်ခဲ့ရတယ်' အမေရိကန်အထက်လွှတ်တော်အမတ် ချပ်ဟေဂယ်လ်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ နိုင်ငံခြား အလုပ်သမား ခန့်ထားမှုမှ အကျိုးအမြတ်ရယူခြင်းအား ဟန့်တားသည့် စည်းမျဉ်းသစ်များ စင်ကာပူတွင်ချမှတ်၊ မြေလျှင်ဘေးဒဏ် ကြားမယ်သက်ပြင်းလေး မွေးဖွား၊ လက်ဖက်ရည်လေးခွက်က နှလုံးရောဂါကာကွယ်နိုင်၊ ပါလက်စတိုင်းအရေးဆွေးနွေးပွဲ အင်ဒိုက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်၊ မလေး တက္ကစီသမားများ ထိုင်းသို့ လောင်စာဆီ ခိုးသွင်း၊ အမေရိကန်ဒေါ်လာ ၁၁ဘီလီယံ အကုန်အကျခံ၍ မြို့ပြများအား ဗီယက်နမ် အဆင့်မြှင့်တင်မည်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဘော်ဒီရုံမှ ဆူညံသံကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် ၂၁ လမ်း ၈၀x၈၁ လမ်းကြား လူနေရပ်ကွက်အတွင်းရှိ ကားဘော်ဒီရုံများမှ ထုရိုက်သံများ၊ ကျောက်စက်တိုက်သံများ၊ သံဖြတ်သံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနှောင့်အယှက်ဖြစ်ရသူ

လမ်းပိတ်ဆို့မှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ပုဇွန်တောင်မြို့နယ် ညောင်တန်းထိပ်မှ အထက်ပုဇွန်တောင်လမ်းမကြီး ၁၅ ပေခုံးကျော်တံတားအထိ အထက်ပုဇွန်တောင်လမ်းမကြီးသည် ယာဉ်များ စဉ်ဆက်မပြတ်သွားလာသည့် အဓိကလမ်းမကြီးဖြစ်ပါသည်။ အဆိုပါလမ်းမကြီးပေါ်တွင် ဈေးသည်များလမ်းမပေါ်ဈေးတက်ရောင်းခြင်း၊ လိုင်းကားများ နှစ်ထပ်ရပ်ခြင်း၊ ယာဉ်များ လမ်းချိုးခွက်များကို ရှောင်၍ ရပ်ပြီးလူတင်ခြင်းများကြောင့် နံနက်ပိုင်းမှ ညနေပိုင်းအထိ ယာဉ်ပိတ်ဆို့မှုကို နေ့စဉ်ကြုံတွေ့နေရပါသဖြင့် စိစစ် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားပြည်သူ

စနစ်တကျ အမှိုက်ပုံစေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်း ဒလမြို့နယ် ဗိုလ်ရန်ပြေ ရပ်ကွက် မင်းရဲကျော်စွာ လမ်းမကြီး၏ လုံခြုံရေးကင်းတဲအနီးရှိ စွန့်ပစ်အမှိုက်ပုံမှ အမှိုက်များမှာ လမ်းမတစ်လျှောက်တွင် ပြန့်ကျဲနေပြီး အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် နေထိုင်သူများနှင့် လမ်းသွားလမ်းလာများ၏ ကျန်းမာရေး ထိခိုက်ရပါ၍ စနစ်တကျ အမှိုက်ပုံကြရေး ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမှတ် (၇) ကျီကုန်းရပ်ကွက် ရွှေတန်ဆာ ဘုရားလမ်းရှိ ရေမြောင်းများမှာ ရေစီးဆင်းမှု မရှိဘဲ ပိတ်ဆို့နေပါ၍ ခြင်များပေါက်ပွားလျက်ရှိရာ သွေးလွန်တုပ်ကွေး အန္တရာယ်စိုးရိမ်နေရပါသဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျီကုန်းသား

အမှိုက်ပုံကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ကျောက်ပန်းတောင်းမြို့နယ် မြို့မ စည်ပင်သာယာဈေးကြီးနှင့် အထက(၁)ကျောင်း အနီးရှိ စွန့်ပစ်အမှိုက်ပုံမှ အနံ့များကို နေ့စဉ်ရှူရှိုက်နေရသည့်အတွက် အနီးဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အမှိုက်ပုံကို အခြားသင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

အမှိုက်ပုံဖယ်ရှားပေးစေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ရွှေဖူးမျှော်လမ်းနှင့် အေးစေတီလမ်းထောင့်ရှိ အမှိုက်ပုံကြီးမှ အနံ့အသက်ဆိုးရှားစွာ ထွက်နေပြီး ပတ်ဝန်းကျင် ညစ်ညမ်းကာ လမ်းသွားလမ်းလာများ၊ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါ အမှိုက်ပုံကို ဖယ်ရှား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသူ

ပေါင်းတလည်-ချောင်းခေါင်းလမ်း ကျောက်ချောခင်းမည်

၂၃-၆-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပေါင်းတလည်-ချောင်းခေါင်းလမ်း ပေ၂၅၀၀ကို ကျောက်ချောခင်းပေးရန်**ပေးစာနှင့် ပတ်သက်၍ ဇူလိုင်လအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ကြက်ခြံမှ အနံ့ဆိုးများ ရှင်းလင်းပြီးစီး

၃-၃-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အမရပူရမြို့နယ် ကျုံတန်းရပ်ကွက် ပေါက်ပေါက်တန်းရပ် ကြက်ခြံမှအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

မုန့်ဟင်းခါးဖိုမှ အနံ့ဆိုးများထွက်ရှိမှု ဆောင်ရွက်ပြီး

၃-၃-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုန့်ဟင်းခါးဖိုမှ အပုပ်ရည်များ စနစ်တကျစွန့်ပစ်စေချင်** ပေးစာနှင့်ပတ်သက်၍ ဟင်္သာတမြို့ ရွှေကူရပ်ကွက် ဒိုးပုံလမ်းရှိ မုန့်ဟင်းခါးဖိုမှ အပုပ်ရည်များ စည်းကမ်းတကျ စွန့်ပစ်နိုင်ရေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတကာမှထောက်ပံ့ပစ္စည်းများ အချိန်တိုအတွင်း စက်အင်အားဖြင့်ချ၍ အချိန်မီပို့နိုင်ရေး မြေပြင်ဆိုင်ရာလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အသုံးပြုရန် မြေပြင်ဆိုင်ရာ အထောက်အကူပြုယာဉ်ယန္တရားများ ပေးအပ်လှူဒါန်းပွဲကို ဇွန်၂၆ရက် ညနေ၃နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုလွှာ

အစီအစဉ်အရ အလှူရှင်စင်ကာပူသမ္မတနိုင်ငံကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Robert Chua က မြေပြင်ဆိုင်ရာ လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်ကြီးများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆက်မပြတ်ဆင်းသက်လျက်ရှိရာ ထိုသို့ လေယာဉ်ကြီးများ ဆင်းသက်စဉ် လေယာဉ်များပေါ်မှ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို အချိန်တိုအတွင်း စက်အင်အားဖြင့်ချ၍ သက်ဆိုင်ရာဒေသများသို့ အချိန်မီပေးပို့နိုင်ရေးအတွက် ရည်ရွယ်ကာ စင်ကာပူသမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ လှူဒါန်းခြင်းဖြစ်သည်။

ယာဉ်ယန္တရား

လှူဒါန်းသည့် ပစ္စည်းများမှာ ယာဉ်ယန္တရားလေးမျိုး၊ အရေအတွက်အားဖြင့် ၁၉ခုဖြစ်ပြီး တန်ဖိုးငွေမှာ အမေရိကန်ဒေါ်လာ ၃၄၁၁၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒဏ်ခံရ၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇွန် ၂၇ရက် နံနက် ၁၁နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာခွဲစိတ်ကုသဆောင်၌ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများဖြစ်သည့် မော်လမြိုင်ကျွန်းနှင့် ဘိုကလေးဒေသများမှ ဒဏ်ရာများရရှိ၍ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်မှ လူနာများအား လှည့်လည်ကြည့်ရှုအားပေးရာ ပါမောက္ခ ဒေါက်တာသစ်လွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ညှိနှိုင်း

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လေဘေးသင့်ဒဏ်ခံရ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့် လူနာများ အနက် ရောဂါပျောက်ကင်းပြီး မိမိဒေသသို့ ပြန်ကြမည့်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အကြောအဆစ်ဆေးကုဌာနသို့ သွားရောက်၍ အမျိုးသမီး ကုသဆောင်၊ အမျိုးသား ကုသဆောင်များမှ လေဘေးသင့်ဒဏ်ခံရသည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးရာ ပါမောက္ခ ဒေါက်တာဒေါ်ခင်မျိုးလှနှင့် တာဝန်ရှိသူများက လူနာများ၏ ကျန်းမာရေး တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြသကြပြီး ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား လူနာများအတွက် လစ်ဟင်းမှုမရှိစေရန် ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိအောင် စီမံဆောင်ရွက်ပေးရန် မှာကြားပြီး လူနာများအား ရောဂါပျောက်ကင်းသည်အထိ အပူအပင်ကင်းစွာ ကုသမှုခံယူသွားကြရန် အားပေးမှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့်ပြင်ပ လူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီ ကွပ်ကဲရေးရုံးခန်း၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးများအား တွေ့ဆုံမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ ဇွန်၂၇ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အလှူရှင်များမှာ လက်ပံတန်းမြို့နယ် သာရဝေကျေးရွာအုပ်စု ကုလားချောင်းကျေးရွာမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၁၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီးတင်ဟန် (ရေ)အား ရည်စူးလျက် ဇနီး ဒေါ်လွင်လွင်ဦး မိသားစု တာမွေမြို့နယ်က ငွေကျပ် သုံးသိန်း၊ ဦးရွှေသန်းနှင့်ဒေါ်သိန်းညွန့်စိန် မိသားစု ကမ္ဘာအေး(မရမ်းကုန်းမြို့နယ်)က ငွေကျပ် ၁၀၈၀၀၀နှင့် ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၄၅၈၃ ဒသမ ၃၉တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇွန် ၂၉

Concordia International Co.,Ltd. မှ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ အင်ဂျင်နီယာလုပ်ငန်းသုံး ပစ္စည်းများနှင့် ခရီးသွားလမ်းညွှန် (GPS) များ မိတ်ဆက်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Stand Hotel ၌ ကျင်းပရာ Concordia International Co.,Ltd. မန်နေဂျင်း ဒါရိုက်တာဒေါက်တာသန်းဝင်းက အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

မိုးရာသီ အထူးဈေးရောင်းပွဲ ကျင်းပ

ထို့နောက် ရုံးလုပ်ငန်းသုံး အရောင်းမန်နေဂျာဦးမျိုးမြင့်ညွန့်က Fuji Xerox အမှတ်တံဆိပ်နောက်ဆုံးပေါ် မိတ္တူကူးစက်များ၊ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆေးရုံသုံးပစ္စည်းအရောင်းမန်နေဂျာ ဒေါက်တာဒေါ်ရီရီနိုင်က ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ၏ အကျိုးသက်ရောက်မှု၊ ဂျာမနီနိုင်ငံမှ တင်သွင်းသော ဆီးချိုတိုင်းစက် (New Model) Omnitest Plus နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်ဂျင်နီယာလုပ်ငန်းသုံး တိုင်းတာရေး ပစ္စည်းအရောင်းမန်နေဂျာ ဦးညီညီမင်းက အင်ဂျင်နီယာလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဂျပန်နိုင်ငံထုတ် Geodetic Total Station များ၊ Digital Theodolite များ၊ Laser Level များ၊ Autolevel များ၏ အဆင့်မြင့်တိုင်းတာရေးနည်းစနစ်များနှင့် လမ်းတံတားဆောက်လုပ်ရာတွင် အသုံးဝင်သော တိုင်းတာရေးနည်းစနစ်များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်းသုံး GPS များ၊ Satellite Image များဖြင့် တွဲဖက်အသုံးပြုပုံ၊ ကုန်ထုတ်လုပ်ငန်းသုံး Digital ချိန်ခွင်များ၊ ဓာတ်ခွဲခန်းသုံး၊ အအေးခန်းသုံးနှင့် ရေစိမ်ခံ Digital ချိန်ခွင်များ၊ ရွှေရည်စမ်းသပ်ပေး နိုင်သော Ohaus အမှတ်တံဆိပ် Digital ချိန်ခွင်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီးနောက် တက်ရောက်လာကြသော ဧည့်သည်များက ဈေးရောင်းပွဲကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါပစ္စည်းများအတွက် အာမခံချက်ပေးထားပြီး စက်ချွတ်ယွင်းမှုဖြစ်ပေါ်လာပါက ပြန်လည်ပြင်ဆင်ပေး၍ Service Centerများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်ကြားပို့ချမှုနှင့် လမ်းစည်းကမ်း ရေးဖြေစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း (အရှေ့ပိုင်းခရိုင်)ရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်သိန်း (ဒုတိယ ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ယာဉ်မတော်တဆမှုလျော့နည်း ပပျောက်ရေးအတွက် ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သန်လျင်မြို့ ကျိုက်ဇောမိ ဓမ္မာရုံ၌ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအောက်ရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၃၅၃ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး မွမ်းမံမှုနှင့်စာတွေ့ ဖြေဆိုစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဗန်းမော်၌ကျင်းပ

ဗန်းမော် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်၉နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက ဖတ်ကြားပြီး မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးကျော်ကျော်မင်းက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများအကြောင်းကို ဟောပြောသည်။

ဆက်လက်၍ ဗန်းမော်ခရိုင်ဥပဒေအရာရှိ ဦးသန်းလှိုင်က မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ရှိန်က မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်နှင့် ခုခံအားကျဆင်းမှု ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၉၉၉၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း မှတ်ပုံတင်အမှတ် ၁၄/ကပန(နိုင်) ၀၅၂၇၂၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (ပုသိမ်မြို့)။**

ဝမ်းနည်းကြေကွဲခြင်း

မိဘသဖွယ် ချစ်ခင်လေးစားရပါသော အဘ ဗိုလ်မှူးကြီးသန်းဇင် (ငြိမ်း)၏ဇနီး၊ ချစ်သူငယ်ချင်း ဒေါက်တာတင်ဦး၏ မိခင်ဖြစ်သူ ဒေါက်တာဒေါ်နုနု အသက်(၇၆)နှစ်သည် ၂၇-၆-၂၀၀၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဉာဏ်မြင့်ဆွေ-ဒေါက်တာမိုးသီတာထွေး မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရွှေနေချုပ်ဦးအေးမောင်-ဒေါ်ခင်မြမြတို့၏ သားကြီး၊ ဒေါ်နိုင်နိုင်ဦး၏ခင်ပွန်း ဦးဇော်ဝင်း အသက်(၄၇)နှစ် (General Manager, SCANSIA MYANMAR Ltd.)သည် ၁၄-၆-၂၀၀၈ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း-ဦးစိုးရင်နှင့် ဦးတင်လတ်ဦး။

သင့်သွေးဖြင့် အသက်ကယ်ပါ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၅၃၆၊ လ/၈၇၆၆ နီဆန်းဒီဇယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းမြတ် ၁၃/တကန(နိုင်)၀၅၄၃၅၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနရုံး (တောင်ကြီး)။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၄၆၇၃ နီဆန်းဗင်နတီ၊ ပစ်ကပ်(၄x၂) လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၈၈၈၉၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အနောက်ပိုင်းခရိုင်ရုံး(သဃ်န်းကျွန်းမြို့)။**

စမ်းချောင်းမြို့နယ် လင်းလွန်းပင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သိမ်ကြီးလမ်း အမှတ်၇၇နေ ဦးအုန်းမြင့်အားရည်စူး၍ ဒေါ်နှင်းနှင်း၊ ညီမ ဒေါ်မို့မို့၊ သမီး ဒေါက်တာဝါဝါအုန်းမြင့် မိသားစုက စမ်းချောင်းမြို့နယ် လင်းလွန်းပင်ပရိယတ္တိ စာသင်တိုက်အတွင်းရှိ သိမ်တော်ကြီးနှင့် ကျောင်းဆောင်များပြုပြင်ရေးအတွက် အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ ဆက်ကပ် လှူဒါန်းကြသည်။ **(ယာပုံ)**

ပြုပြင်နေဆဲသိမ်တော်ကြီးနှင့် ကျောင်းဆောင်များအတွက် လှူဒါန်းလိုသူ အလှူရှင်များသည် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင် လာရောက်၍ ဖြစ်စေ၊ ဖုန်း-၀၁-၅၃၇၆၅၇သို့ ဆက်သွယ်၍ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေဆိုးထုတ်မြောင်းတူးဖော်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဈေးကြီးတောင်ဘက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးထုတ်မြောင်း တူးဖော်နေမှုကို မေ၂၆ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၉၄)

မူဆယ်မြို့နယ်စည်ပင် ရေနုတ်မြောင်းဆယ်ယူ

မူဆယ် ဇွန် ၁၅

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်အမှတ်(၁)ဈေး၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူခြင်းကို မေ၅ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပန်းအလှပင်များစိုက်ပျိုး

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင် ပန်းအလှပင်များစိုက်ပျိုးပြုပြင်ဆောင်ရွက်မှုကို ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးရှေ့ရှိရေနုတ်မြောင်းများ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရန် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဇာခြည်နု ဦးဆောင်၍ ဇွန်၂၂ ရက်က ဈေးသူဈေးသားများနှင့်အဖွဲ့ ဝန်ထမ်းများ ပူးပေါင်း တူးဖော်ဆယ်ယူကြစဉ်။(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ ချုံနွယ်များ ရှင်းလင်း

မြစ်ကြီးနား ဇွန် ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သန့်ရှင်းသပ်ရပ်သာယာလှပပြီး ခေတ်မီမြို့ ဖြစ်စေရေးအတွက် ဇွန် ၁ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဆောင်သောအဖွဲ့သည် မြို့သစ်ရပ်ကွက် အတွင်းရှိ ဆွမ်ပရာဘွမ်လမ်း၊ စည်ပင်သာယာလမ်း၊ မင်းရဲကျော်စွာလမ်းနှင့် အနော်ရထာလမ်းဘေး ဝဲယာတစ်လျှောက်တို့တွင် ချုံနွယ်များ၊အမှိုက်များမရှိစေရေးနှင့် ကျူးကျော်ဆိုင်များမရှိစေရေးအတွက် ရှင်းလင်း ဆောင်ရွက်မှုကို အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် ဦးစီးအရာရှိ ဦးဂျွန်စယ်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း **သတင်းဆောင်းပါး အညွှန်း**

မုန်တိုင်းသင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

သက်စံ၏ သတင်းဆောင်းပါး စာ - ၁၁